သတင်းလွှာ




အတွဲ(၄)၊အမှတ်(၃၄)။

၂၀၁၀ ခုနှစ်၊ဩဂုတ်လ(၆)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## မြန်မာနိုင်ငံသားများဘဏ် ငွေရင်းတိုးမြှင့်၊ ဘဏ်ခွဲများဖွင့်ဖို့ ပြင်ဆင်

မြန်မာနိုင်ငံသားများဘဏ်ဟာ မတည်ငွေရင်းကျပ်သန်း ၅၀၀၀ လျာထားချက်ကိုပြည့်အောင် တိုးမြှင့်ဆောင်ရွက်နေပြီး ဘဏ်ခွဲတွေလည်း ဖွင့်လှစ်နိုင်ဖို့ ပြင်ဆင်နေကြောင်း သိရတယ်။ ဘဏ်ရဲ့ ၁၈ကြိမ်မြောက် အထွေထွေအစည်းအဝေးကို ကုန်သွယ်ရေးညွန်ကြားမှုဦးစီးဌာနမှာ ယနေ့ပြုလုပ်ပါတယ်။ အဲသည်အစည်းအဝေးကို တင်သွင်းတဲ့ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာမှာ ၂၀၀၉- ၂၀၁၀ ခုနှစ်အတွက် မတည်ရင်းနှီးငွေ ကျပ် ၃၂၂၃.၈၀ သန်းရှိတာ တွေ့ရတယ်။ လက်ရှိမှာ ကုန်သွယ်မှုလုပ်ငန်း၊ စက်မှုစိုက်ပျိုးကုန်ထုတ်လုပ်ငန်းနဲ့ ဝန်ဆောင်မှု ကဏ္ဍတွေကို ချေးငွေထုတ်ချေးနေပြီး ရှေ့လုပ်ငန်းစဉ်မှာ ချေးငွေလုပ်ငန်းတိုးချဲ့ဆောင်ရွက်မယ်လို့ သိရတယ်။ နေပြည်တော်က မြန်မာနိုင်ငံသားများဘဏ်လီမိတက် ရုံးချုပ်ဖွင့်နိုင်ဖို့ သုံးဧကခန့်ရှိတဲ့ မြေကွက်နဲ့ အဆောက်အအုံဆောက်လုပ်နေပြီလို့ ဆိုပါတယ်။ ဘဏ်ရဲ့ အုပ်ချုပ်မှု ဒါရိုက်တာ ဦးမျိုးဦးက " နေပြည်တော်ဘဏ်ရုံးချုပ်က ရှေ့နှစ်ပြီးမယ်မှန်းထားတယ်၊ မူဆယ်ဘဏ်ခွဲအတွက်လဲ တည်ဆောက်ရေးစနေပြီ၊ တခြားဒေသလေးငါးခုမှာလဲ တစ်ပြိုင်နက်ဖွင့်နိုင်အောင် ပြင်ဆင်ထားတယ် " လို့ပြောပါတယ်။ သွင်းကုန်လိုင်စင်ကြေးပေးသွင်းရမယ့်ငွေကို ရန်ကုန်မြန်မာနိုင်ငံသားများဘဏ်မှာ ကြိုတင်ပေးသွင်းပြီး အဲသည်စာရင်းကနေ အွန်လိုင်းနဲ့ နေပြည်တော် စီးပွား/ကူးသန်းကို ရောက်ရှိတဲ့ E.payment စနစ်ကို ၂၀၀၇ ခုနှစ်ကစတင်ပါတယ်။ အခုနှစ်အတွက် သွင်းကုန်လိုင်စင်ကြေးသွင်းဖို့ စာရင်းဖွင့်သူ ၇၃၁ဦး၊ သွင်းကုန်လိုင်စင် ၄၅၀၇၉ အတွက် ပေးသွင်းငွေ ကျပ် ၅၂၀.၉၁ သန်းဖြစ်ကြောင်း သိရတယ်။ မြန်မာနိုင်ငံသားများဘဏ်အနေနဲ့ ဗဟိုဘဏ်နဲ့ banking network ချိတ်ဆက်ဆောင်ရွက်ဖို့လည်း ရှိကြောင်း ၂၀၁၀ ခုနှစ် ဇူလိုင်လ ၃၀ရက်နေ့ထုတ် မော်ဒန်သတင်း ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုသူအရေအတွက် လေးသိန်းကျော်ရှိနေပြီး ရန်ကုန်မြို့သည် အင်တာနက်သုံးစွဲမှုအများဆုံးမြို့ဖြစ်ကြောင်း သိရ

လတ်တလောစာရင်းများအရ မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုသူ အရေအတွက် လေးသိန်းကျော်ရှိနေပြီး ရန်ကုန်မြို့သည် အင်တာနက်သုံးစွဲမှု အများဆုံးဖြစ်ကြောင်း၊ မန္တလေးမြို့သည် ဒုတိယအများဆုံး သုံးစွဲသည့် မြို့ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရှိရသည်။ မြန်မာနိုင်ငံတွင် အင်တာနက် တပ်ဆင်ထားသော လိုင်း အရေအတွက်မှာ ၄၀၀၀၀ ကျော်ရှိပြီး အများစုမှာ ADSL အင်တာနက်လိုင်းဖြင့် ချိတ်ဆက်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။ ADSL လိုင်းဖြင့် အင်တာနက် သုံးစွဲသူအရေအတွက်မှာ ရန်ကုန်မြို့၌ အများဆုံးဖြစ်ပြီး အရေအတွက်အားဖြင့် ၅၀၀၀ ဝန်းကျင်ရှိကြောင်း သိရှိရသည်။ အင်တာနက်သုံးစွဲမှုများ၏ ရာခိုင်နှုန်း အများအပြားသည် လုပ်ငန်းပိုင်းဆိုင်ရာအသုံးပြုမှုအတွက်တပ်ဆင်ထားခြင်းဖြစ်ပြီး အချို့ကသာ နေအိမ်များတွင် တပ်ဆင်ထားခြင်း ဖြစ်ကြောင်း သိရှိရသည်။ 'အခုလက်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ အင်တာနက်လိုင်းတွေအဖြစ် MPT Satellite Terminal လိုင်း၊ Dial Up လိုင်းနဲ့ Wimax လိုင်းတွေကို အများပြည်သူတွေဆီ သုံးစွဲခွင့် ချထားပေးလျက် ရှိပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ အင်တာနက်ကဖေးကအင်တာနက်လိုင်းတွေကိုလည်း တိုးချဲ့ချထားပေးလျက် ရှိပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ခရိုင်မြို့ကြီးတွေ အားလုံးနီးပါးကိုလည်း အင်တာနက်ကွန်ရက် လွှမ်းခြုံမှုရှိစေဖို့ ADSLလိုင်းတွေတိုးချဲ့တပ်ဆင်ပေးပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာအများဆုံး အသုံးပြုနေတဲ့ အင်တာနက်လိုင်း အမျိုးအစားက ADSL အမျိုးအစား ဖြစ်ပြီး ပြည်နယ်နဲ့တိုင်းရှိ မြို့ကြီး ၄၂ မြို့မှာ ADSL လိုင်းနဲ့ အင်တာနက် အသုံးပြုသူ တစ်သောင်းကျော် ရှိနေပြီဖြစ်ပါတယ်'ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ထို့ပြင်ပြည်တွင်း၌အင်တာနက်မြန်နှုန်းများမြှင့်တင်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ဖိုက်ဘာဆက်ကြောင်းများအပြင် ပြည်တွင်းဆက်ကြောင်းများ၌လည်း Bandwidth များ တိုးချဲ့နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ ထို့ပြင် နယ်စပ်ဖြတ်ကျော်ဆက်ကြောင်းများအဖြစ် အိန္ဒိယ၊ တရုတ်၊ ထိုင်းနိုင်ငံများနှင့် ချိတ်ဆက်ထားကြောင်း သိရှိရသည်။ထို့ပြင် ပြည်တွင်းအင်တာနက်မြန်နှုန်းများပိုမိုမြှင့်တင်နိုင်မည့် Fiber to Home စနစ်ကို ဆောင်ရွက်လျက်ရှိရာ ယခုအချိန်၌ မန္တလေးတိုင်းအတွင်း စတင်ဝန်ဆောင်မှုပေးလျက်ရှိပြီး ရန်ကုန်မြို့၌လည်း မကြာမီ အသုံးပြုနိုင်ရန် စီစဉ်လျက်ရှိကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံ၏ အရေးကြီးလမ်းပိုင်းများအားလုံးနီးပါး BOT စနစ်ဖြင့် လုပ်ကိုင်ရန် ပုဂ္ဂလိကသို့ လွှဲပြောင်းပြီးစီး

မြန်မာနိုင်ငံ၏ အရေးကြီးလမ်းမကြီးများအားလုံးနီးပါးကို အပိုင်း လိုက်ခွဲကာBOTစနစ်ဖြင့်လမ်းတံတားကြေးကောက်ခံရန်၊လမ်းပြုပြင်ဖောက်လုပ်ရန်အတွက်ပုဂ္ဂလိကကုမ္ပဏီများသို့ လွှဲပြောင်းပေးလျက်ရှိရာ လမ်းပိုင်းများ အားလုံးနီးပါးကို လွှဲပြောင်းပြီးစီးသည့်အနေအထားရှိလာသည်ဟုတရားဝင်ထုတ်ပြန်ချက်များအရသိရှိရသည်။ ရန်ကုန်-ပြည်လမ်း၊ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးကဲ့သို့သော အဓိကလမ်းမကြီးများအပါအဝင် အရေးကြီးလမ်းမကြီးများအား အပိုင်းလိုက်ဖြင့် ပုဂ္ဂလိကကုမ္ပဏီများမှ လမ်းတံတားကြေးကောက်ခံခွင့် အပါအဝင် လမ်းပိုင်းများကို BOTစနစ်ဖြင့် ပြုပြင်လုပ်ကိုင်ရန်အတွက် လွှဲပြောင်းပေးထားပြီဖြစ်သည်။ "လမ်းပိုင်းတွေကို အခု ပုဂ္ဂလိကကုမ္ပဏီခြောက်ခုကို ပေးလိုက်တာနဲ့ ပထမပေးထားတာတွေပေါင်းရင် မြန်မာနိုင်ငံမှာရှိတဲ့ အရေးကြီးလမ်းမကြီးတွေကို ပုဂ္ဂလိကလုပ်ကိုင်ဖို့လွှဲပြောင်းပေးတာလမ်းပိုင်းအားလုံးနီးပါးကုန်သလောက်တောင်ဖြစ်သွားပြီလို့ ပြောရမယ့်အနေအထားပါ။ ကျန်တာတွေတော့ ရှိသေးတယ်ဆိုပေမယ့် အခု ပေးထားတဲ့အပိုင်းတွေက အဓိကကျတဲ့အပိုင်းတွေလေ။ အခုလုပ်ကိုင်ခွင့်ရထားသူတွေအနေနဲ့ သုံးနှစ်အခွန်ကင်းလွတ်ခွင့်ရထားသလို လေးနှစ်ကနေ ၁၃နှစ်အထိကိုလည်း ငါးရာခိုင်နှုန်းပဲ အခွန်ပေးဆောင်ဖို့ သတ်မှတ်ထားတာတွေ့ရတယ်"ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ခဲ့ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၄ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာတစ်နိုင်ငံလုံးတွင် အက်ဖ်အမ်ရေဒီယိုလိုင်း ခုနှစ်လိုင်းအထိ ရှိလာမည်ဖြစ်ပြီး ရန်ကုန်၊ ပဲခူးနှင့် စစ်ကိုင်းတိုင်းတို့အတွက် အက်ဖ်အမ်ရေဒီယိုလိုင်း နှစ်လိုင်းစီ တိုးချဲ့သွားမည်

၂၀၁၀ ပြည့်နှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် အက်ဖ်အမ်ရေဒီယိုလိုင်း ခုနှစ်လိုင်းအထိ ရှိလာမည်ဖြစ်ပြီးယင်းတို့အနက်ရန်ကုန်တိုင်း၊ပဲခူးတိုင်းနှင့်စစ်ကိုင်းတိုင်းတို့အတွက် အက်ဖ်အမ် ရေဒီယိုလိုင်းနှစ်လိုင်း အထိ တိုးချဲ့ထုတ်လွှင့်ပေးသွားမည် ဟု သတင်းရရှိသည်။ အဆိုပါ အက်ဖ်အမ်ရေဒီယိုလိုင်း ခုနှစ်လိုင်းအနက် စစ်ကိုင်းတိုင်းတွင် ပတ္တမြားအက်ဖ်အမ်နှင့် မန္တလေးအက်ဖ်အမ် လိုင်းနှစ်လိုင်း ထုတ်လွှင့်မှုကို ဖမ်းယူနားဆင်နိုင်မည်ဖြစ်ပြီး ပဲခူးတိုင်းတွင် ရွှေအက်ဖ်အမ်နှင့် မန္တလေး အက်ဖ်အမ် လိုင်းနှစ်လိုင်းတို့၏ ထုတ်လွှင့်မှုကို ဖမ်းယူနားဆင်နိုင်မည်ဖြစ်သည်ဟု သိရသည်။ ယင်းအပြင် ရန်ကုန်မြို့တော် နှင့် ပတ်ဝန်းကျင်မိုင် ၅၀ ပတ်လည်တွင် စီးတီးအက်ဖ်အမ်လိုင်း အပြင် မန္တလေးအက်ဖ်အမ်လိုင်း ကိုပါ ဖမ်းယူနားဆင်နိုင်ကြောင်း သိရသည်။ လက်ရှိထုတ်လွှင့်နေသည့် အက်ဖ်အမ်လိုင်းများမှာ ရန်ကုန်မြို့နှင့်မိုင် ၅၀ပတ်လည်အတွင်း ဖမ်းယူနားဆင်နိုင်သည့် စီးတီးအက်ဖ်အမ်လိုင်း နှင့် မန္တလေးအက်ဖ်အမ်လိုင်းတို့ ဖြစ်ကြောင်းသိရသည်။ မန္တလေးအက်ဖ်အမ်လိုင်းသည် မန္တလေးတိုင်းအပြင် ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင်ပါ ဖမ်းယူနားဆင်နိုင်ကြောင်းလည်း သိရသည်။ လက်ရှိ ထုတ်လွှင့်နေသည့် ရန်ကုန်တိုင်းအတွက် စီးတီးအက်ဖ်အမ် ရေဒီယိုလိုင်းနှင့် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန် တိုင်းတို့အတွက် မန္တလေး အက်ဖ်အမ် ရေဒီယိုလိုင်းတို့အပြင် ချင်းပြည်နယ်နှင့် မကွေးတိုင်းအတွက် ပုဂံအက်ဖ်အမ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် အတွက် ချယ်ရီအက်ဖ်အမ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်း အတွက် ပဥ္စဝတီအက်ဖ်အမ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့အတွက် ရွှေအက်ဖ်အမ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတို့ အတွက် ပတ္တမြား အက်ဖ်အမ်တို့ကို ၂၀၁၀ ပြည့်နှစ်အတွင်း တိုးချဲ့ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၄ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အိုင်စီတီ Master Plan နိုဝင်ဘာလတွင် အပြီးသတ်ရေးဆွဲမည်

မြန်မာနိုင်ငံ၏ အိုင်စီတီ ကဏ္ဍအတွက် ရေးဆွဲနေသော ၂၀၁၀-၂၀၁၅ခုနှစ် အမျိုးသားအဆင့်အိုင်စီတီ Master Plan ကို ယခုနှစ်၊ နိုဝင်ဘာလတွင် အပြီးသတ်ရေးဆွဲမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌဦးသိန်းဦးက ဇူလိုင်လ ၁၇ရက်က ကျင်းပသည့် အသင်းအစည်းအဝေးတွင်ပြောကြားသည်။ ထို Master Plan တွင် အိုင်စီတီနယ်ပယ် ရှစ်ခုဖြစ်သည့် အိုင်စီတီအခြေခံအဆောက်အအုံများတည်ဆောက်ရေး၊ အိုင်စီတီစီးပွားရေးလုပ်ငန်းတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ e-Government စနစ်များ၊ e- Comm -erce စနစ်များတည်ဆောက်ရေး၊ ICT Liberalizationကိစ္စရပ်များနှင့် အိုင်စီတီဆိုင်ရာ ဥပဒေများပြဋ္ဌာန်းခြင်းတို့ပါဝင်သည်။ အိုင်စီတီအခြေခံအဆောက်အဦများ တည်ဆောက်ရေးတွင် ဆက်သွယ်ရေးကဏ္ဍတွင်း စီမံမှုနှင့်လိုက်နာရန် လုပ်ထုံးများကို ကွဲပြားစွာသတ်မှတ်ခြင်း၊ အိုင်စီတီစီးပွားရေးလုပ်ငန်းများ တည်ဆောက်ရေးတွင်ပြည်တွင်းဆော့ဖ်ဝဲလောကတိုးတက်မှုနှင့် အတူ အိုင်စီတီစီးပွားရေးနယ်ပယ်အတွက် သင့်လျော်သောပတ်ဝန်းကျင်တစ်ခုနှင့် လူစွမ်းအားအရင်းအမြစ်နှင့် သုတေသနဆိုင်ရာ လုပ်ငန်းများတိုးတက်ရေးတို့ပါဝင်မည်ဖြစ်သည်။အိုင်စီတီလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ကွန်ပျူတာတက္ကသိုလ်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ နှစ် ၃၀ပညာရေးစီမံကိန်းနှင့် လိုက်လျောညီထွေဖြစ်စေပြီး ပညာရေးနယ်ပယ်အသီးသီးတွင် အိုင်စီတီဖြင့် ထောက်ပံ့နိုင်ရန် ရေးဆွဲထားသည်။ ထို့ပြင် အိုင်စီတီဆိုင်ရာဥပဒေများရေးဆွဲရေးတွင် အခြေခံနည်း ဥပဒေများ ရေးဆွဲခြင်း၊ ပြုပြင်ခြင်း၊ ဆက်သွယ်ရေးနှင့် သက်ဆိုင်သောပေါ်လစီများကိုပြန်လည်စီစစ်ခြင်းစသည်တို့ပါဝင်မည်ဖြစ်ကြောင်း အာရှ- ပစိဖိတ်ဒေသဒစ်ဂျစ်တယ်သုံးသပ်ချက် (၂၀၀၉-၂၀၁၀)စာအုပ်မှ မြန်မာနိုင်ငံအိုင်စီတီကဏ္ဍအတွက် သုံးသပ်ချက်အခန်းတွင်ဖော်ပြထားကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၅ရက်နေ့ထုတ် Internet ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာ့ကမ်းရိုးတန်းဒေသကြီးများအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေ သတိပေးကြေညာချက်များကို မြန်မာအသံအပြင် အက်ဖ်အမ်လေးခုကပါ ထုတ်ပြန်ပေးသွားမည်

မြန်မာ့ကမ်းရိုးတန်း ဒေသကြီး များဖြစ်သည့် ရခိုင်ကမ်းရိုးတန်းဒေသ၊ တနင်္သာရီ ကမ်းရိုးတန်းဒေသနှင့် မြန်မာ့ကမ်းရိုးတန်း ဒေသကြီးများအတွက် သဘာဝ ဘေးအန္တရာယ်များ အပါအဝင် အရေးပေါ် အခြေအနေဆိုင်ရာ သတိပေးကြေညာချက်များကို မြန်မာအသံရေဒီယိုလိုင်း အပြင်အက်ဖ်အမ် ရေဒီယိုလိုင်းလေး လိုင်းမှလည်း ထုတ်ပြန် ပေးသွားမည်ဟု သိရှိရသည်။ မြန်မာ့ကမ်းရိုးတန်း ဒေသကြီး များဖြစ်သည့် ရခိုင်ကမ်းရိုးတန်းဒေသ၊ တနင်္သာရီကမ်းရိုးတန်းဒေသနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသကြီးများတွင် သဘာဝဘေးအန္တရာယ်များ အပါအဝင် အရေးပေါ်အခြေအနေ များဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သတိပေး ကြေညာချက်များကို မြန်မာ့အသံရေဒီယိုလိုင်းအပြင် ကမ်းရိုးတန်းဒေသများကို အခြေပြုထုတ်လွှင့်နေသည့် အက်ဖ်အမ်ရေဒီယိုလိုင်း အသီးသီးမှလည်းတစ်ပြိုင်နက် ထုတ်ပြန်ပေးသွားနိုင်မည်ဖြစ်သည်။ ဧရာဝတီမြစ်ဝ ကျွန်းပေါ်ဒေသ နှင့် ရခိုင်ကမ်းရိုးတန်းဒေသ အတွက် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်း အခြေပြု ပဉ္စဝတီ အက်ဖ်အမ်မှထုတ်လွှင့်နိုင်မည်ဖြစ်သည်။ တနင်္သာရီ ကမ်းရိုးတန်းဒေသအတွက် ကရင် ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း နှင့် တနင်္သာရီတိုင်းအခြေပြု ရွှေအက်ဖ်အမ်မှ ထုတ်လွှင့်သွားနိုင်မည် ဟုသိရသည်။ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းရှိ ပင်လယ်နီးဒေသများအတွက် ရန်ကုန်တိုင်း အခြေပြု စီးတီးအက်ဖ်အမ်၊ မန္တလေး တိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းအခြေပြု မန္တလေး အက်ဖ်အမ်တို့မှ ထုတ်လွှင့်ပေးသွားနိုင်မည် ဖြစ်သည်ဟု ၂၀၁၀ခုနှစ် ဩဂုတ်လ ၄ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အိုင်စီတီနယ်ပယ်အနေဖြင့် မူဝါဒဆိုင်ရာ အပြောင်းအလဲများကို အမီလိုက်ရန်ကြိုးပမ်းသင့်

ယခုနှစ်အတွင်းပေါ်ပေါက်လာသည့် မူဝါဒဆိုင်ရာအပြောင်းအလဲကြောင့် အချို့ကဏ္ဍများသည် ပုဂ္ဂလိကပိုင်အဖြစ်သို့ ပြောင်းလဲလာပြီဖြစ်ရာ အိုင်စီတီ ကဏ္ဍအနေဖြင့်လည်း ထိုအပြောင်းအလဲများကို အမီလိုက်နိုင်ရန်ပြင်ဆင်ထားသင့်ကြောင်း အိုင်စီတီနယ်ပယ်မှ ကျွမ်းကျင်သူများက အကြံပြုပြောကြားသည်။ ယခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းအချို့၏ အိုင်စီတီလိုအပ်ချက်သည် ပြည်တွင်းအိုင်စီတီလုပ်ငန်းအပေါ်ရိုက်ခတ်မှုရှိခဲ့သော်လည်း ထိုလိုအပ်ချက်များကို ဖြည့်ဆည်းရန် ပြည်တွင်းအိုင်စီတီဝန်ဆောင်မှုပေးသူများက အချိန်မီပြင်ဆင်နိုင်ခြင်းမရှိခဲ့ကြောင်းၓင်းတို့က ဆိုသည်။ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်အတွင်းရေးမှူးဦးသောင်းတင်က “ဥပမာအနေနဲ့ အခုဆိုပုဂ္ဂလိကဘဏ်တွေပေါ်လာပြီ။ ဒီဘဏ်တွေကပေးလာမယ့် ဝန်ဆောင်မှုတွေအရဆို ဒီကိစ္စက နိုင်ငံရဲ့ငွေကြေးကဏ္ဍတစ်ခုလုံးပြောင်းလဲသွားလိမ့်မယ်လို့ယူဆရတယ်။ ဥပမာအားဖြင့် အင်တာနက် Banking စနစ်တို့၊ Stock Market တို့၊ အာမခံစနစ်တို့ နိုင်ငံတကာအဆင့်ဖြစ်လာမယ်လို့ မျှော်လင့်ရတယ်။ ဒါပေမယ့် ပြဿနာက ဘဏ်တွေပေါ်လာတဲ့အချိန်မှာ လိုအပ်တဲ့နည်းပညာကို လက်ထဲကိုင်ထားတဲ့ပြည်တွင်း Solution Provider ကသိပ်များများစားစား မရှိလိုက်ဘူး။ နောက် Equipment Supplier တွေလဲတူတူပဲ” ဟု ပြောသည်။ ထို့ကြောင့် အခြေအနေရုတ်တရက်ပြောင်းလဲသွားသည့်အခါ ပြည်တွင်းအိုင်စီတီကုမ္ပဏီများအနေဖြင့် ပြောင်းလဲသွားသည့် အဆိုပါအခြေအနေကို အမီလိုက်နိုင်ခြင်းမရှိသည့် အတွက် ပြည်ပနည်းပညာကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ရခြင်းမျိုးများရှိလာကြောင်း ၎င်းကဆိုသည်။ ထို့ပြင် ယခုနှစ်အတွင်း ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ရုတ်ချည်းပြောင်းလဲမှုကြောင့်ဆက်သွယ်ရေးနည်းပညာသုံးစွဲသူများလည်း တိုးတက်များပြားလာပြီး e-Commerce, Mobile Commerce ကဲ့သို့သောစနစ်များ၊ IP Based Application များ၊ အင်တာနက်နှင့် နက်ဝပ်ခ်လုံခြုံရေးစနစ်တို့ ကဲ့သို့စနစ်များဖြစ်ပေါ်လာမည်ဖြစ်ရာ Local Solution Proveder များအတွက် စိန်ခေါ်လာသည့် အခွင့်အလမ်းများပေါ်ပေါက်လာနေပြီဖြစ်ကြောင်း ၎င်းကသုံးသပ်သည်။ “အခုအချိန်က ပြည်တွင်း အိုင်စီတီကဏ္ဍအတွက် Revolution တစ်ရပ်ဖြစ်လာနေပြီလို့ပြောလို့ရတယ်။ အရင် ၂၀၀၃ခုနှစ်လောက်တုန်းက ပြည်တွင်းမှာအင်တာနက်တွေရလာပြီး အိုင်စီတီ Industry တစ်ခုပေါ်ပေါက်လာသလိုမျိုးပေါ့”ဟု ၎င်းကဆက်ပြောသည်။ မြန်မာအင်ဖိုတက်အုပ်ချုပ်မှုဒါရိုက်တာဦးအောင်ဇော်မြင့်ကလည်း ပြည်တွင်းအိုင်စီတီလုပ်ငန်းများ အနေဖြင့် တိုးတက်လာသည့် မိုဘိုင်းအသုံးပြုသူဦးရေနှင့် အင်တာနက်ထိုးဖောက်မှုနှုန်းအလိုက်မည်သို့သော နည်းလမ်းသစ်များဖြင့် ထိုးဖောက်ရန် စဉ်းစားသင့်ပြီဖြစ်ကြောင်း၊ ယခုဖြစ်ပေါ်လာမည့် အိုင်စီတီ Revolution ကို စိန်ခေါ်မှုတစ်ရပ်အဖြစ်မမြင်ဘဲအခွင့်အလမ်းကြီးတစ်ရပ်အဖြစ်မြင်ယောင်ကာ ပြင်ဆင်သင့်ကြောင်းသုံးသပ်ပြောကြားကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့ထုတ် Internet ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံသားများဘဏ် သုံးလတစ်ကြိမ် အတိုးထုတ်ပေးမည်

မြန်မာနိုင်ငံသားများဘဏ်(MCB)မှ ဘဏ်စုငွေ အတိုးနှုန်းများကို ယခုဘဏ္ဍာရေးနှစ်မှစ၍ သုံးလတစ်ကြိမ် ထုတ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။ယခင်ကယင်းအတိုးနှုန်းများ တစ်နှစ်လျှင် တစ်ကြိမ်သာ ထုတ်ယူခွင့်ရှိရာမှ ယခုနှစ်မှစတင်၍ သုံးလတစ်ကြိမ် အတိုးထုတ်ယူနိုင်သည့်စနစ်ကို ကျင့်သုံးခြင်းဖြစ်ကြောင်းသိရသည်။ “ ငွေစုတဲ့သူတွေရဲ့အကျိုးအတွက် တစ်နှစ်တစ်ခါပေးနေတဲ့ အတိုးကို သုံးလတစ်ခါ ထည့်ပေးတာပါ။ အတိုးနှုန်းက ဘဏ်တွေအားလုံးနဲ့ အတူတူပါပဲ။ အဲဒီအထဲကမှ သုံးလမှာ ရနိုင်တဲ့အတိုးရာခိုင်နှုန်းကို ပုံမှန်ထည့်သွင်းပေးသွားမှာပါ။ အဲဒီအတိုးကို အရင်းထဲပေါင်းထည့်ပြီး ငွေစုသူရဲ့ Compound Interest (ငွေနှစ်ထပ်တိုး) အကျိုးခံစားခွင့်ရှိစေမှာ ဖြစ်ပါတယ် ” ဟု ယင်းဘဏ်မှ တာဝန်ရှိသူ တစ်ဦးကပြောသည်။ ယင်းကထပ်မံ၍ “ MCB ဘဏ်အနေနဲ့ ဘဏ်လက်ကျန်ငွေ ကျပ်တစ်ရာအထိ ခွင့်ပြုထားတယ်။ အဲဒီ ကျပ် ၁၀၀ ရှိတဲ့ဘဏ်စာအုပ်ကိုလည်း စာရင်းမပိတ်မချင်း အတိုးနှုန်းထည့်သွင်းပေးနေပါတယ် ” ဟုပြောသည်။ မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အပ်ငွေစုစုပေါင်း ကျပ်သန်းပေါင်း ၁၂၀၀၀ ကျော်ရရှိခဲ့ကာ ယမန်ဘဏ္ဍာရေးနှစ်ကထက် အပ်ငွေစုစုပေါင်း ၂၅ရာခိုင်နှုန်း တိုးမြှင့်ရရှိခဲ့ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၅ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း

## FTTH ၌ အင်တာနက်၊ ဖုန်းနှင့် ရုပ်သံလိုင်း မိမိနစ်သက်ရာကို ခွဲခြားဝယ်ယူနိုင်မည်

လာမည့်အောက်တိုဘာလတွင် စတင်အသုံးပြုနိုင်မည်ဖြစ်သော ရတနာပုံတယ်လီပို့က ဝန်ဆောင်မှုပေးမည့် နေအိမ်အရောက်အမြန်နှုန်းမြင့် ဖိုင်ဘာဆက်သွယ်ရေး FTTH (Fibre To The Home) စနစ်တွင် အင်တာနက်၊ VOIP တယ်လီဖုန်းနှင့် ရုပ်မြင်သံကြားဝန်ဆောင်မှု (Triple Play Services) များပါဝင်မည်ဖြစ်ရာ မိမိနစ်သက်ရာ ဝန်ဆောင်မှုကို ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ အင်ဂျင်နီယာချုပ် ဦးဇော်မင်းဦးက ပြောကြားသည်။ " FTTH စနစ်ကို ဝယ်ယူတဲ့အခါ ဝန်ဆောင်မှုသုံးခုစလုံး တစ်ပြိုင်တည်းရရှိမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အင်တာနက် မရှိသေးဘဲ အင်တာနက်နဲ့ ဖုန်းကိုပဲလိုချင်ရင် ရုပ်သံလိုင်းဝန်ဆောင်မှုကိုပါ ပိတ်ပေးထားမှာပါ " ဟု ဦးဇော်မင်းဦးက ရှင်းပြသည်။ FTTH စနစ်တွင် ကနဦးတပ်ဆင်ခ ကျပ်ကိုးသိန်း ပေးဆောင်ရမည်ဖြစ်ပြီး မန္တလေးမြို့တွင် လိုင်း ၅၀၀ ချထားပေးသွားမည်ဖြစ်သည်။ အင်တာနက်အသုံးပြုမှုအတွက်သတ်မှတ်ထားသည့် လစဉ်ကြေးများ၊ VOIP ဖုန်းအသုံးပြုမှုအတွက် ပြည်တွင်ခေါ်ဆိုမှု တစ်မိနစ် ၂၅ကျပ်နှုန်းနှင့် သတ်မှတ်ထားသည့် ပြည်ပခေါ်ဆိုမှုနှုန်းထားများကို ပေးဆောင်ရမည်ဖြစ်သည်။ ရုပ်မြင်သံကြား ဝန်ဆောင်မှုတွင် ရွှေသံလွင်ကုမ္ပဏီက ဝန်ဆောင်မှုပေးမည့် အခမဲ့ရုပ်သံလိုင်း ငါးလိုင်းနှင့် လစဉ်ကြေးပေးဆောင်ရမည့် ရုပ်သံလိုင်း ၁၉လိုင်းတို့ကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၆ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အွန်လိုင်းမှ ပြောနိုင်သော Skype က ဝန်ဆောင်ခ ထပ်မံလျှော့ချ

နိုင်ငံတကာ၌ တွင်ကျယ်စွာ အသုံးပြုနေပြီဖြစ်သည့် အွန်လိုင်းမှ အပြန်အလှန် ဖုန်းခေါ်ဆိုနိုင်သည့် ဝန်ဆောင်မှုတစ်ခုဖြစ်သော Skype က ဇူလိုင်လနောက်ဆုံးပတ်မှစတင်ပြီး ၎င်း၏ ဖုန်းခေါ်ဆိုခနှုန်းထားများကို ဒုတိယအကြိမ်အဖြစ် ထပ်မံလျှော့ချလိုက်ပြီဖြစ်ကြောင်း အဆိုပါဖုန်းခေါ်ဆိုမှုအား ဝန်ဆောင်မှုပေးနေသော ပြည်တွင်းရှိကုမ္ပဏီတစ်ခုမှသတင်းရရှိသည်။ လူဇင်ဘတ်နိုင်ငံ အခြေစိုက် Skype ကုမ္ပဏီမှ ယခုကဲ့သို့ ၎င်း၏ဖုန်းခေါ်ဆိုခနှုန်းထားများကို လျှော့ချပေးရခြင်းမှာ ပြည်တွင်း၌ Skype သုံးစွဲမှုတွင်ကျယ်လာစေရန်နှင့်ဈေးနှုန်းသက်သာစွာဖြင့် အင်တာနက်သုံးစွဲမှု ရရှိနိုင်သောနေရာတိုင်းသို့ ခေါ်ဆိုမှုပြုလုပ်နိုင်စေရန်အတွက်ဟု သိရသည်။ Skype မှတစ်ဆင့် နိုင်ငံတကာသို့ခေါ်ဆိုသည့်ဈေးနှုန်းသတ်မှတ်ချက်များမှာ စင်ကာပူ၊ ဟောင်ကောင်၊ အမေရိက၊ ကနေဒါ အစရှိသည့် နိုင်ငံများသို့ ခုနှစ်ထောင့်ငါးရာကျပ်၊ ကျပ်တစ်သောင်းခွဲ၊ မလေးရှား၊ ကိုရီးယား၊ ရုရှားနှင့် ထိုင်းအစရှိသည့် နိုင်ငံများမှာမူ မိနစ်လေးရာစာအတွက် ကျပ်တစ်သောင်းနှစ်ထောင်မှ တစ်သောင်းခုနှစ်ထောင် ဝန်းကျင်ကျသင့်မည် ဖြစ်ကြောင်း သိရသည်။ ယခုလက်ရှိအချိန်တွင် စင်ကာပူနိုင်ငံအပြင် အခြားနိုင်ငံအချို့သို့ပါ ခေါ်ဆိုနိုင်သော ပီဖင်းဂိုး(Pfingo) စနစ်ဝန်ဆောင်မှုများ ကျဆင်းနေကြောင်း ရန်ကုန်မြို့တွင်း ဖွင့်လှစ်ထားသော အင်တာနက်ကဖေးဆိုင်အချို့မှ စုံစမ်း သိရှိရသည်။ ပီဖင်းဂိုး ဝန်ဆောင်မှုများ ကျဆင်းနေရခြင်းအကြောင်းမှာ ယခုလပိုင်းအတွင်း အင်တာနက်မြန်နှုန်းများ ယခင်ကထက် အနည်းငယ် နှေးကွေးနေခြင်းကြောင့်ဟု သိရသည်။ သို့သော် Skype သုံးစွဲမှုသည် ပြည်တွင်းတွင် ပီဖင်းဂိုးသုံးစွဲမှုလောက် တွင်ကျယ်မှုမရှိသေးကြောင်း စုံစမ်းသိရှိရသည်။ အွန်လိုင်းမှတစ်ဆင့် နိုင်ငံတကာသို့ ဖုန်းခေါ်ဆိုသည့် ဝန်ဆောင်မှုတွင် Skype သည် နိုင်ငံတကာ၌ သုံးစွဲမှု အတွင်ကျယ်ဆုံး ဖြစ်နေကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၅ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ ဩဂုတ် ၅ရက်နေ့မှဩဂုတ် ၁၁ရက်နေ့အထိ)

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့်ကသာမြို့တို့တွင် ၁၅၀ စင်တီမီတာ(ငါးပေခန့်)၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့တို့တွင် ၉၀စင်တီမီတာ (သုံးပေခန့်)နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၆၀ စင်တီမီတာ(နှစ်ပေခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့တို့တွင် ၁၈၀ စင်တီမီတာ(ခြောက်ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၂၀ စင်တီမီတာ(လေးပေခန့်) လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

# နိုင်ငံတကာသတင်း

## ကျူးဘားနိုင်ငံတွင် စီးပွားရေးဆိုင်ရာအကန့်အသတ်များလျှော့ပေါ့ပေးမည်

ကျူးဘားနိုင်ငံ၏ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် သမ္မတ ရောကတ်စထရိုက နိုင်ငံတော်၏ အချို့သော ကဏ္ဍများတွင် အစိုးရပိုင်းမှ ပါဝင်ပတ်သက်မှုကို လျှော့ချမည်ဖြစ်ကြောင်း အထူးသဖြင့် လုပ်သားအင်အားကို ၂၀ရာခိုင်နှုန်း အရေအတွက်အားဖြင့် တစ်သန်းခန့်ကို လျှော့ချ၍ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်ရန်အတွက် အားပေးသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသည်။ နိုင်ငံသားများအနေဖြင့် လက်ရှိကြုံတွေ့နေရသော စီးပွားရေးအကျပ်အတည်းမှ လွတ်မြောက်နိုင်သည့် အစီအစဉ်များကို မျှော်လင့် နေကြကြောင်း၊ ထို့ကြောင့် စီးပွားရေးလုပ်ငန်းငယ်များ ထူထောင်ရန် အဟန့်အတားဖြစ်နေသော စည်းမျဉ်းကန့်သတ်ချက်များကို လျှော့ပေါ့ပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသည်။ ကျူးဘားနိုင်ငံသည် လွန်ခဲ့သော ၂နှစ်မှစ၍ အဓိကပို့ကုန်ဖြစ်သော နီကယ်ဈေးနှုန်းများကျဆင်းခြင်း၊ ခရီးသည်များဝင်ရောက်မှု နည်းပါးခြင်း တို့ကြောင့် စီးပွားရေး အကျပ်အတည်းများပေါ်ပေါက်ခဲ့သည်။ (ဘီဘီစီ)

## နယူးစ်ဝိခ်မဂ္ဂဇင်းအား ဟာမန်းန်နိုင်ငံတကာစက်မှုလုပ်ငန်းသို့ရောင်းချ

အမေရိကန်နိုင်ငံဝါရှင်တန်ပို့စ်ကုမ္ပဏီပိုင် နယူးစ်ဝိခ်မဂ္ဂဇင်းသည် အခြားသောစာစောင်များနည်းတူ ကာလကြာရှည်စွာ အရှုံးပေါ်လျက်ရှိသည်။ ကြော်ငြာဝင်ငွေကျဆင်းခြင်း၊ စောင်ရေလျော့ကျခြင်းနှင့် စာဖတ်သူများက အခမဲ့အွန်လိုင်းသတင်းများကို ပြောင်းရွှေ့ဖတ်ရှုကြသဖြင့် ရပ်တည်ရန်ခက်ခဲလျက်ရှိသည်။ ပြိုင်ဘက်ဖြစ်သော တိုင်းမ်မဂ္ဂဇင်းနှင့် အပြင်းအထန်ဈေးကွက်လုရင်း ပြီးခဲ့သောနှစ်က ဒေါ်လာ၂၈သန်း အရှုံးပေါ်ခဲ့သည်။ ထို့ကြောင့် မိခင်ကုမ္ပဏီက နယူးစ်ဝိခ်မဂ္ဂဇင်းအား ကယ်လီဖိုးနီးယားအခြေစိုက် ဟာမန်းန်နိုင်ငံတကာစက်မှုလုပ်ငန်း၏ ပိုင်ရှင်ဖြစ်သော သန်းကြွယ်သူဌေး မစ္စတာ ဆစ်ဒနီဟာမန်းန်သို့ ရောင်းချရန်ဆုံးဖြတ်ခဲ့သည်။ မစ္စတာဟာမန်းန်သည် အရည်အသွေးမြင့် ဂျာနယ်လစ်ဇင်၏ အရေးပါမှုကို သဘောပေါက်နားလည်သူဖြစ်သည်။ နယူးစ်ဝိခ်သည် အမျိုးသားရတနာဖြစ်သဖြင့် ၎င်းကိုပိုင်ဆိုင်ရ၍ များစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဟာမန်းန်ကပြောဆိုခဲ့သည်။(အေအက်ဖ်ပီ)

## ဩဂုတ်လကုန်တွင် အီရတ်၌ အမေရိကန်တို့၏ တိုက်ခိုက်ရေးတာဝန်ပြီးဆုံးမည်

အမေရိကန်သမ္မတဟောင်း မစ္စဂျော့ဘုရှ် ချမှတ်ခဲ့သော အစီအစဉ်အတိုင်း အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များ၏ တိုက်ခိုက်ရေးတာဝန်များကို ဩဂုတ်လ၃၁ရက် နောက်ဆုံးထား၍ ရပ်ဆိုင်းမည်ဖြစ်ကြောင်း သမ္မတအိုဘားမားက ရဲဘော်ဟောင်းများ အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုခဲ့သည်။ တိုက်ခိုက်ရေးတာဝန်များကို အီရတ်နိုင်ငံ တပ်ဖွဲ့များသို့လုံးဝလွှဲပြောင်းပေးလိုက်ခြင်းဖြစ်သည်။ လတ်တလောတွင်အီရတ်နိုင်ငံတွင်း၌အကြမ်းဖက်မှုများမကြာခဏဖြစ်ပွားလျက်ရှိသည်။ ဇူလိုင်တစ်လအတွင်းတွင်လူပေါင်း၅၃၅ဦး သေဆုံးခဲ့သည်။ အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၆၅၀၀၀ကျော် တာဝန်ထမ်းဆောင်လျက်ရှိသည်။ စက်တင်ဘာ ၁ရက်မှစ၍ တပ်ဖွဲ့များကို စတင်လျှော့ချရန် စီစဉ်မည်ဖြစ်သည်။ ၂၀၁၁ခုနှစ်အကုန်တွင် တပ်ဖွဲ့ဝင်အားလုံး ပြန်လည်ရုတ်သိမ်းပြီးဖြစ်မည်။ ဤအတောအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်တပ်ဖွဲ့များအား သင်တန်းပေးခြင်း၊ အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းတွင် ပူးတွဲဆောင်ရွက်ခြင်းနှင့် အမေရိကန် စစ်ဘက်နယ်ဘက် ပုဂ္ဂိုလ်များအား ကာကွယ်စောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ဩဂုတ်လ ၃၁ရက်နေ့တွင် Opera -tion Iraqi Freedom စီမံကိန်း တရားဝင်ပြီးဆုံးသွားမည်ဖြစ်သည်။ (အေအက်ဖ်ပီ)

## သမ္မတ မူဂါဘေးက အနောက်နိုင်ငံသံတမန်များအား တိုက်ခိုက်ပြောကြား

ဇင်ဘာဘွေနိုင်ငံ သမ္မတ မူဂါဘေး၏ နမဖြစ်သူ ဆာဘီးနား၏ အသုဘအခမ်းအနားတွင် မူဂါဘေးက အနောက်နိုင်ငံများသည်ဇင်ဘာဘွေနိုင်ငံ၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ကြကြောင်း ထို့ကြောင့် ၎င်းတို့သည် ငရဲပြည်သို့ သွားသင့်ကြောင်းဖြင့် တိုက်ခိုက်ပြောဆိုခဲ့သည်။ ဤတွင် ဂျာမန် အမေရိကန်နှင့်ဥရောပသံတမန်တို့ကဆက်လက်သည်းမခံနိုင်သဖြင့် အခမ်းအနားမှ ထွက်သွားခဲ့ကြသည်။ ဆာဘီနာသည် ဇင်ဘာဘွေနိုင်ငံ၏ သူရဲကောင်းအဖြစ် သတ်မှတ်ထားခြင်းခံရသည်။ သို့သော်လည်း လူအများစုကမူ သူမသည် လယ်ယာမြေစနစ်ပြုပြင်ပြောင်းလဲရေးအစီအစဉ်တွင် မတော်မတရားပြုမူ၍ ချမ်းသာကြွယ်ဝခဲ့သူဟု စွပ်စွဲပြောဆိုကြသည်။ သမ္မတ မူဂါဘေးက အခမ်းအနားမှ ထွက်သွားကြသူ သံတမန်များ၏ ရိုင်းစိုင်းသော အပြုအမူအတွက် ဝန်ချတောင်းပန်ရန် တောင်းဆိုခဲ့သည်။ အမေရိကန်သံအမတ်က မူဂါဘေး၏ လုပ်ရပ်ကို သည်းမခံနိုင်၍ ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း တောင်းပန်ရန်အကြောင်းမရှိကြောင်း ထုတ်ဖော်ပြောဆိုသည်။ (ဘီဘီစီ)

## ဒပ်ချ်လူမျိုး ဆယ်ကျော်သက်မိန်းကလေးတစ်ဦး ရွက်လှေဖြင့် တစ်ကိုယ်တော်ကမ္ဘာပတ်

ဒက်ချ်လူမျိုး ဆယ်ကျော်သက် အရွယ် လော်ရာဒက်ကား၏ တစ်ကိုယ်တော်ရွက်လွှင့်၍ ကမ္ဘာပတ်မည့်အစီအစဉ်ကို တရားရုံးကတားမြစ်မိန့်ထုတ်ပြန်ခဲ့သည်။သို့သော်လည်း မကြာခင်က မစ်ဒယ်လ်ဘက်တရားရုံးက ခွင့်ပြုပေးခဲ့သဖြင့် သူမ၏ စွန့်စားမှုကိုစတင်ရန် ဇာတိမြို့ဖြစ်သော ဒန်အောဆေး ဆိပ်ကမ်းမှ ယမန်နေ့က စတင် ထွက်ခွာခဲ့သည်။ သူမသည် ကမ္ဘာတစ်ပတ် တစ်ကိုယ်တော်ရွက်လွှင့်သည့် အသက်အငယ်ဆုံး စွန့်စားသူဖြစ်ရန် မျှော်လင့်လျက်ရှိသည်။ လွန်ခဲ့သောမေလက ဩစတြေးလျနိုင်ငံသူ အသက် ၁၆နှစ်အရွယ်ရှိဂျက်ဆီကာဝပ်ဆင်သည် ကမ္ဘာတစ်ပတ်ရွက်လွှင့်သည့် အငယ်ဆုံးအမျိုးသမီးအဖြစ် စံချိန်တင်ထားခဲ့သည်။ ဒက်ကာသည် သူမ၏ ၂၆ပေရှည်သော ဂက်ပီအမည်ရှိ ရွက်လှေပေါ်တွင် ၂နှစ်တာ အချိန်ကုန်လွန်ရမည်ဖြစ်သည်။ သူမ၏ စွန့်စားမှုခရီးစဉ်အတွက် စိုးရိမ်ကြောက်လန့်မှု မရှိပါဟု ထုတ်ဖော်ပြောဆိုသည်။ သူမအား လွန်ခဲ့သော ၁၄နှစ်က နယူးဇီလန်ကမ်းလွန်တွင် ရွက်လှေတစ်စင်းပေါ်၌ မွေးဖွားခဲ့သည်။ (ဘီဘီစီ)

## ယိုဖိတ်ရေနံ လေးပုံသုံးပုံခန့် ရှင်းလင်းပြီးစီး

မက္ကဆီကိုပင်လယ်ကွေ့တွင် ရေနံယိုဖိတ်မှု၏ လေးပုံသုံးပုံခန့်ကို ရှင်းလင်းပြီးဖြစ်သည်ဟု အမေရိကန်အစိုးရက ထုတ်ပြန် ကြေညာသည်။ ယိုဖိတ်မှု၏ လေးပုံတစ်ပုံခန့်သာ ပင်လယ်ပြင်တွင် ကျန်ရှိတော့သဖြင့် ၎င်းသည် သဘာဝအတိုင်း ဓာတ်ပြိုကွဲ၍ မကြာမီ ပျောက်ကွယ်သွားမည်ဖြစ်သည်။ ဤအတောအတွင်း ရေနံယိုဖိတ်နေသော တွင်းအား သမုဒ္ဒရာကြမ်းပြင်အောက်ရှိ ရွှံ့နှင့် ပိတ်ဆို့မှုမှာ အောင်မြင်ခဲ့သဖြင့် ၎င်းတွင်းသည် ယခုအခါ ငြိမ်သက်လျက်ရှိသည်။ ၎င်းတွင်းအား အင်္ဂတေဖြင့် အသေပိတ်ထားရန် စဉ်းစားလျက် ရှိသည်ဟု သိရှိရသည်။ ရွှံ့အားဖြင့် တွင်းကိုဖိ၍ ပိတ်ထားပြီးလျှင် အပေါ်မှ အလွန်လေးသော အင်္ဂတေအဖုံးဖြင့် ထပ်၍ ပိတ်ထားနိုင်ခဲ့သည်။ ၎င်းပင်လယ်ကွေ့အတွင်း ရေနံစိမ်း ဂါလံ ၅၃ သန်းခန့် ပျံ့နှံ့လျက်ရှိသည်။ သို့သော်လည်း ပင်လယ်ကွေ့နှင့် ထိစပ်နေသော ကမ်းခြေများတွင် အန္တရာယ်တစ်စုံတရာ ကျရောက်ရန် စိုးရိမ်ဖွယ်မရှိဟု သိရှိရသည်။ (ဘီဘီစီ)

## အမေရိကန်သူဌေးကြီးများ ပိုင်ဆိုင်ပစ္စည်း၏ ထက်ဝက်ကျော်ကို လှူဒါန်းရန်ကတိပြု

အမေရိကန်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု သူဌေးကြီး ဝါရင်းဘတ်ဖတ်နှင့် မိုက်ခရိုဆော့ တည်ထောင်သူ ဘီဂိတ်ဦးဆောင်၍အမေရိကန်နိုင်ငံတစ်ဝှမ်းလုံးရှိသန်းထောင်ချီချမ်းသာသောသူဌေးကြီးများအား ၎င်းတို့ပိုင်ဆိုင်သော ဓနငွေကြေး၏ ထက်ဝက်ကျော်ကို စေတနာ့ဝန်ထမ်း အကူအညီပေးရေးအဖွဲ့သို့ ထည့်ဝင်လှူဒါန်းကြရန် တိုက်တွန်းနှိုးဆော်ခဲ့ကြသည်။ နိုင်ငံတွင်းတွင် သန်းထောင်ချီ ချမ်းသာသော သူဌေးကြီး ၄၀၃ဦးအနက် ၃၈ဦးတို့က လှူဒါန်းမှုပြုရန် ကတိပေးခဲ့ကြသည်။ ၎င်းတို့အထဲတွင် နယူးယောက်မြို့တော်ဝန် ဘလွန်းဘက်၊ စီအန်အန် တည်ထောင်သူ တက်တာနာ၊ ဖျော်ဖြေရေးလုပ်ငန်းပိုင်ရှင် ဘယ်ရီဒစ်လာ၊ ရုပ်ရှင်ထုတ်လုပ်သူ ချော့လူးကပ်၊ ရေနံရင်းနှီးမြှုပ်နှံသူဘွန်ပစ်ကင်းနှင့် စေတာရှင်သူဌေးကြီး ဒေးဗစ်ရော့ဖဲလားတို့ ပါဝင်ကြသည်။ သူဌေးကြီး လူးကပ်က ကျွန်ုပ်ပိုင်စည်းစိမ်၏ အများစုကို ပညာရေးမြှင့်တင်မှုတွင် လှူဒါန်းမှုများ ပြုခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ပညာရေးသည် လူသားမျိုးရိုး ဆက်လက်တည်တံ့ရန် အဓိကျသောကြောင့်ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ ထိုနည်းတူ မစ္စတာဘက်ဖက်သည် ၎င်းပိုင် ဓနပစ္စည်း၏ ၉၉ရာခိုင်နှုန်းကို ဘီဂိတ်ဖောင်ဒေးရှင်းသို့ ပေးလှူခဲ့ပြီးဖြစ်သည်။ (ဘီဘီစီ)

# သတင်းအတို

## “သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာလုံခြုံမှုနှင့် ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်များ (ICT Security to Digital Certificate)” ခေါင်းစဉ်ဖြင့် ကုန်သည်/စက်မှုအသင်းချုပ်၌ ဟောပြောပွဲကျင်းပမည်

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ (ဩဂုတ်/၂၀၁၀)ကို ဩဂုတ် ၃ရက် (အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ အသင်းချုပ်ရုံး ပထမထပ်ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ဒေါက်တာသိန်းဝင်း ICT Consultant, German Teecom (Deutsche Telekom AG)၊ ဦးအောင်မြင့် အုပ်ချုပ်မှုဒါရိုက်တာ Myanmar Info Tech နှင့် ဒေါ်နီလာအေး မန်နေဂျာ Myanmar Teleport တို့က “သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာလုံခြုံမှုနှင့် ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်များ (ICT Security to Digital Certificate)” ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ အဆိုပါဟောပြောပွဲသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၃၀ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## ပုဂ္ဂလိကဘဏ်တချို့ အေတီအမ်စက် တပ်ဆင်ဖို့ပြင်ဆင်နေ

ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်တချို့ ၂၄နာရီငွေထုတ်ယူနိုင်တဲ့ အေတီအမ်စက်တပ်ဆင်အသုံးပြုနိုင်ဖို့ ပြင်ဆင်နေတာတွေ့ရတယ်။ အေတီအမ်စက်တပ်ဆင်ထားရင် အရေးပေါ်ငွေလိုချိန်မှာ အလွယ်တကူ ငွေထုတ်လို့ရပါတယ်။ ဘဏ်တချို့က အေတီအမ်စက်အတွက် လိုအပ်တဲ့ကတ်စနစ်တွေ ဆော့ဖ်ဝဲတွေ ပြင်ဆင်ထားပြီလို့ သိရတယ်။ ကမ္ဘောဇဘဏ် ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းလွင်က “သက်ဆိုင်ရာက ခွင့်ပြုတာနဲ့ အဆင့်သင့်ဖြစ်အောင် ပြင်ဆင်ထားတယ်၊ အေတီအမ်မှာ ကတ်စနစ်က အရေးကြီးတယ်၊ ကတ်အတုလုပ်လို့မရတဲ့ စနစ်ဖြစ်ဖို့ လိုတယ်၊ အေတီအမ်ရှိခြင်းအားဖြင့် ဘဏ်မှာ သွားပြီးတန်းစီစရာမလိုဘူး”လို့ ပြောပါတယ်။ အေတီအမ်စနစ်က ထုတ်ယူနိုင်တဲ့ငွေပမာဏ သတ်မှတ်ချက်ရှိပါတယ်။ နိုင်ငံတချို့မှာ တစ်ခါကို ဒေါ်လာလေးရာ ထုတ်ယူနိုင်တယ်လို့ဆိုပါတယ်။ ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်တချို့က အေတီအမ်စက်တပ်ဆင်ခွင့်ရပြီဆိုရင် ရန်ကုန်နဲ့ မန္တလေးကဘဏ်တွေကို အရင်ဆုံး တပ်ဆင်မယ်လို့ သိရတယ်။ အေတီအမ်စက် တစ်လုံးတန်ဖိုးက ခန့်မှန်းခြေအမေရိကန်ဒေါ်လာ လေး၊ ငါးသောင်းဝန်းကျင်ရှိပေမဲ့ ဝန်ဆောင်မှု အဓိကဖြစ်လို့ ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်တချို့က ရင်းနှီးမြှုပ်နှံဖို့ ပြင်ဆင်ထားတာဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၃၀ရက်နေ့ထုတ် မော်ဒန်သတင်းဂျာနယ်တွင် ဖော်ပြထားပါသည်။

## ကွန်ပျူတာပစ္စည်းအဝင်နည်း ၊ဈေးနှုန်းပြောင်းလဲမှုဖြစ်နိုင်

ပြည်ပမှဝင်ရောက်သောကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများသည် ဇူလိုင်လအတွင်း အရေအတွက် လျော့နည်းဝင်ရောက်သောကြောင့် ပစ္စည်းဈေးနှုန်းပြောင်းလဲမှုများဖြစ်ပေါ်လာနိုင်ကြောင်း ကွန်ပျူတာပစ္စည်းတင်သွင်းရောင်းချသူများက ပြောကြားသည်။ နည်းပညာပစ္စည်းများအနက်လက်ပ်တော့များဝင်ရောက်မှုမှာသိသာစွာနည်းပါးခဲ့ပြီး ဈေးကွက်တွင်လက် ကျန်ပစ္စည်းနည်းပါး နေသော်လည်း အရောင်းအဝယ်အေးသည့် ကာလဖြစ်သည့်အတွက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်းမျိုးမရှိကြောင်းသိရသည်။ သို့ရာတွင် အသစ်ဝင်ရောက်လာမည့် လက်ပ်တော့များတွင်မူ အနိမ့်ဆုံးငါးဒေါ်လာခန့် ဈေးနှုန်း မြင့်တက်နိုင်ပြီး မော်နီတာများ၊ ပရင်တာများနှင့် အခြားသောကွန်ပျူတာဆက်စပ်ပစ္စည်းများ၏ ဈေးနှုန်းသည်လည်း သုံးဒေါ်လာခန့် ဈေးမြင့်တက်နိုင်ကြောင်း နည်းပညာပစ္စည်းတင်သွင်းရောင်းချသူ မဖွန်ပန်းဖြူက ဆိုသည်။ Acer Brand တင်သွင်းဖြန့်ချိသည့် ရွှေလမင်း နဂါးကုမ္ပဏီမှ ကိုသန့်ဇင်ဝင်းက “ ပစ္စည်းတွေကတော့ ဝင်လာမှာပါ။ ဒါပေမယ့် ဈေးအကျဘက်မှာတော့ မရှိဘူး။ ဈေးတက်နိုင်ပါတယ်။ ရောင်းအားကတော့ လက်ရှိပုံမှန်ပါပဲ။ ဒီရာသီတွေက အာရှနိုင်ငံတွေမှာ အရောင်းပါးတဲ့ရာသီလည်း ဖြစ်ပါတယ်”ဟု ဆိုကြောင်း ၂၀၁၀ခုနှစ်ဩဂုတ်လ ၅ရက်နေ့ထုတ် Internet ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ခရီးစဉ်တိုးချဲ့ရန် လေယာဉ်သစ်များ အဲပုဂံဝယ်ယူမည်

Air-Bagan လေကြောင်းလိုင်းမှ ရန်ကုန်- ချင်းမိုင် ခရီးစဉ်အပြင် စင်ကာပူ၊ ဗန်ကောက်၊ မလေးရှား စသည့် နိုင်ငံတကာခရီးစဉ်များအား ပွင့်လင်းရာသီမတိုင်မီ တိုးချဲ့ပြေးဆွဲနိုင်ရန် AirBus 320 လေယာဉ်များ ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ “ တိုးချဲ့ပြေးဆွဲဖို့ စီစဉ်ထားတဲ့ နိုင်ငံတကာခရီးစဉ်တွေမှာ စင်ကာပူ၊ ဗန်ကောက်၊ Siem Reap ၊ ဖူးခက်၊ မလေးရှား စတဲ့ ခရီးစဉ်တွေ ပါဝင်ပါတယ် ” ဟု Air Bagan လေကြောင်းလိုင်းမှ တာဝန်ရှိသူက ပြောသည်။ အဆိုပါ နိုင်ငံတကာ ခရီးစဉ်များအာ ယခုနှစ်ပွင့်လင်းရာသီမတိုင်မီ ပြေးဆွဲသွားရန် အစီအစဉ်ရှိကြောင်း၊ အဆိုပါ ပြည်ပခရီးစဉ်များအား AirBus 320 လေယာဉ်များဖြင့် ပြေးဆွဲသွားမည်ဖြစ်ကာ ယင်းကဲ့သို့ ပြေးဆွဲနိုင်ရေးအတွက် AirBus 320အား ဝယ်ယူသွားမည်ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၃ရက်နေ့ထုတ် Flower News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲကျင်းပမည်

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်းမှ ကြီးမှူး၍ မျက်မှောက်ခေတ် ICT၊ အင်တာနက်နည်း ပညာများ ၏ နောက်ကွယ်ရှိ သတင်းအချက်အလက်ပိုင်းဆိုင်ရာ လုံခြုံရေးစနစ်များ၊ ကွန်ပျူတာ၊ အင်တာနက်အသုံးပြုသူများ သိသင့်သိထိုက်သော အကြောင်းများကို အပြန်အလှန် ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ဟောပြောပွဲတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဟောပြောပွဲကို ဩဂုတ်လ ၇ရက်နေ့ နေ့လည် ၂နာရီမှစတင်ကာ မြန်မာအင်ဖိုတက်ပင်မဆောင်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မည်သူမဆိုအခမဲ့တက်ရောက် ဆွေးနွေးနိုင်ကာ အသေးစိတ်သိရှိလိုပါက ဖုန်း- ၆၅၂၂၇၆ သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၅ရက်နေ့ထုတ် ပြည်မြန်မာ ဂျာနယ်တွင် ဖော်ပြထားပါသည်။

### E-Payment ဖြင့် သွင်းကုန်လိုင်စင်ကြေးပေးသွင်းရာတွင် ဘဏ်စာရင်းလက်ကျန် ငွေကျပ် ၅၀၀၀၀ ထားရှိရမည်

အွန်လိုင်း E-Payment ဖြင့် သွင်းကုန်လိုင်စင်ကြေးပေးသွင်းရာတွင် ဘဏ်စာရင်းလက်ကျန် ကျပ် ၅၀၀၀၀ အနည်းဆုံးထားရှိရမည်ဖြစ်ကြောင်းသိရသည်။ နေပြည်တော်ရှိ သွင်းကုန်လိုင်စင်ဌာနသို့ သွင်းကုန်လိုင်စင်ကြေးများ ပေးသွင်းကြရာတွင် အဆင်ပြေလွယ်ကူစေရန်အတွက် အဆိုပါ E-Payment စနစ်ကို မြန်မာနိုင်ငံသားများဘဏ်မှ ဆောင်ရွက်ပေးလျက်ရှိရာ အချို့သော လုပ်ငန်းရှင်များ၏ ဘဏ်စာရင်းငွေလက်ကျန်မှာ လုံလောက်ခြင်းမရှိခြင်းကြောင့် လိုင်စင်ကြေးပေးသွင်းရာတွင် အခက်အခဲရှိသည့်အတွက် ယင်းသို့ငွေပမာဏ သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ “ ဘဏ်လက်ကျန်ငွေ မလုံလောက်တော့ သွင်းကုန်လိုင်စင်ကြေးပေးသွင်းရာမှာလဲ အခက်အခဲရှိတယ်။

လုပ်ငန်းရှင်တွေအတွက်လဲ လိုင်စင်ရရှိမှု နှောင့်နှေးကြန့်ကြာနိုင်ပါတယ်။ ဒါကြောင့် သွင်းကုန်လုပ်ငန်းရှင်တွေ အဆင်ပြေနိုင်စေဖို့ ရည်ရွယ်ပြီး အနည်းဆုံးဘဏ်လက်ကျန် ငွေပမာဏကို ကျပ်ငါးသောင်းထားရှိကြဖို့ သတ်မှတ်လိုက်တာပါ ” ဟု အဆိုပါဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ လက်ရှိတွင် အဆိုပါစနစ်ဖြင့် သွင်းကုန်လိုင်စင်ကြေးပေးသွင်းသော လုပ်ငန်းရှင်ပေါင်း ၄၀၀၀ နီးပါးရှိနေပြီဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၅ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## <u>အင်တာနက် Access Kit သုံးစွဲမှု အဆင်မပြေမှုများကြုံလာ</u>

ဖုန်းလိုင်းရှိရုံဖြင့် အင်တာနက်သုံးစွဲနိုင်သော Prepaid Internet Access Kit သုံးစွဲသူများပြားလာခြင်းကြောင့် အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။ ၂၀၀၆ခုနှစ်ခန့်မှစတင်၍ Began Teleport မှ စတင်ရောင်းချသော Internet Access Kit များသည် ငွေကြေးအသက်သာဆုံးနှင့် အသုံးပြုခွင့်ရသော အင်တာနက်ချိတ်ဆက်မှုအဖြစ် အသုံးများလာပြီး လက်ရှိတွင်လည်း Access Kit သုံးစွဲသူဦးရေတိုးပွားလျက်ရှိကြောင်း သိရသည်။ Dial Up ကော်နက်ရှင်အမျိုးအစားဖြစ်သည့် အဆိုပါအင်တာနက်လိုင်းသည် တယ်လီဖုန်းလိုင်းများအတွက် Access Sever နံပါတ် ၁၄၆ တစ်ခုတည်းသာ အသုံးပြုချိတ်ဆက်နေရခြင်းဖြစ်ရာ ယခုနောက်ပိုင်း သုံးစွဲမှုများပြားလာခြင်းကြောင့် အင်တာနက်ချိတ်ဆက်ရာတွင် လိုင်းရရှိရန်အလွန်ခက်ခဲလာကြောင်း သုံးစွဲသူများက ပြောသည်။ "ကျွန်တော်က ဟိုးအရင်သုံးနှစ်လောက်ကတည်းက Access Kit နဲ့ အိမ်မှာသုံးတယ်။ ဒီနောက်ပိုင်းဆိုးဆိုးရွားရွားဖြစ်လာတယ်။ မနက်စောစောလောက် ပဲချိတ်လို့ရတယ်။ ကျန်တဲ့အချိန်တွေ လုံးဝမရဘူး။ Sever က busy ဖြစ်ဖြစ်နေတာ၊ သန်းခေါင်းကျော်တောင်မှ အင်တာနက်ချိတ်မရဘူး”ဟု Access Kit သုံးစွဲသူတစ်ဦးကပြောပြခဲ့ကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၅ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## <u>ထိုင်းနိုင်ငံ ထုတ်ကုန်ပစ္စည်းများ ဈေးရောင်းပွဲတော် ကျင်းပမည်</u>

ထိုင်းနိုင်ငံမှ ပြည်တွင်းသို့ ရောက်ရှိပြီး ဈေးကွက်အတွင်း ရောင်းချနေပြီဖြစ်သည့် ထိုင်းနိုင်ငံ ထုတ်ကုန်ပစ္စည်းများအား ပြသရောင်းချမည့် ထိုင်းကုန်ပစ္စည်း ဈေးရောင်းပွဲတော်ကို ဩဂုတ်လ ၂၇ရက်နေ့မှ ၂၉ရက်အထိ ရန်ကုန်မြို့တပ်မတော်ခန်းမတွင် ကျင်းပသွားမည်ဟု အဆိုပါ ပြပွဲကိုဦးစီးပြုလုပ်မည့် ကုမ္ပဏီမှ သတင်းရရှိသည်။ ထိုင်းပို့ကုန်မြှင့်တင်ရေးဌာနဖြစ်သည့် DEP (Department of Export Promotion) ၏ ပံ့ပိုးမှုဖြင့် Inforithm-Maze ကုမ္ပဏီလီမိတက်မှ ကြီးမှူး၍ ကျင်းပပြုလုပ်မည့် အဆိုပါ ထိုင်းကုန်စည်ပြပွဲတွင် တစ်နိုင်ငံလုံး၌ ရောင်းချနေသော ထိုင်းကုန်ပစ္စည်းများကို ပြသရောင်းချမည်ဖြစ်ပြီး ထိုင်းကုန်ပစ္စည်း ပြည်တွင်းသို့ ပျံ့နှံ့စေရန်ဟု သိရသည်။ မကြာမီကျင်းပမည့် အဆိုပါထိုင်းကုန်စည်ပြပွဲတွင် ပါဝင်ပြသလိုသည့် ထိုင်းကုန်ပစ္စည်း လက်လီလက်ကား ရောင်းချသူများအနေဖြင့် ထိုင်းပို့ကုန် မြှင့်တင်ရေးဌာနသို့ ဆက်သွယ်နိုင်ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၅ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## <u>သီချင်းအသုံးပြုခပေးရန် အက်ဖ်အမ်ရေဒီယိုခြောက်ခု စာချုပ်ချုပ်ဆို</u>

လက်ရှိထုတ်လွှင့်လျက်ရှိတဲ့ အက်ဖ်အမ်ရေဒီယိုရုစ်ခုအနက် ခြောက်ခုက ယင်းတို့ရေဒီယိုအစီအစဉ်များတွင် အသုံးပြုတဲ့ သီချင်းတွေကို တစ်ပုဒ် ၄၀၀ ကျပ်နှုန်းနဲ့ ဝယ်ယူအသုံးပြုရန် မြန်မာနိုင်ငံဂီတအစည်းအရုံးနဲ့ စာချုပ်ချုပ်ဆိုလိုက်ပါတယ်။ စာချုပ်သက်တမ်းမှာ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ရက်နေ့က စတင်ကာ ၂၀၁၁ ခုနှစ် ဇွန်လ ၃၀ရက်နေ့တွင် ပြီးဆုံးမှာဖြစ်ပြီး အက်ဖ်အမ်ရေဒီယိုတွေမှ သီချင်းတစ်ပုဒ်ကို တစ်ကြိမ်သုံးစွဲတိုင်း ကျပ် ၄၀၀ ပေးသွားရမှာဖြစ်တယ်လို့ ဂီတအစည်းအရုံးမှ တွဲဖက်အတွင်းရေးမှူး(၃)ဖြစ်သူ ဦးဇော်ထူးအောင်က ပြောပါတယ်။ စာချုပ်ချုပ်ဆိုတာက မန္တလေးအက်ဖ်အမ်၊ ပဒ္မဝတီအက်ဖ်အမ်၊ ချယ်ရီအက်ဖ်အမ်၊ အက်ဖ်အမ်ပုံဂံ၊ ပတ္တမြားအက်ဖ်အမ်နဲ့ ရွှေအက်ဖ်အမ်တို့ဖြစ်ပြီး မန္တလေးအက်ဖ်အမ်မှာ ၂၀၀၈ ခုနှစ် စက်တင်ဘာလကတည်းက သီချင်းအသုံးပြုခပေးဆောင်ရန် ဂီတအစည်းအရုံးနဲ့ ပထမဆုံး စာချုပ်ချုပ်ဆိုထားတာ ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၆ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## <u>ကုန်စည်ပြပွဲ “ YANGON EXPO' 2010 ”တပ်မတော်ခန်းမ၌ ကျင်းပမည်</u>

Smart Business Group မှ ကြီးမှူးကျင်းပမည့် ပြည်တွင်း၊ ပြည်ပလူသုံးကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများ၊ တင်သွင်းဖြန့်ချိသူများ၊
တစ်ဦးတည်းကိုယ်စားလှယ်များစုစည်းပြသရောင်းချမည့် ကုန်စည်ပြပွဲကြီး “YANGON EXPO' 2010” ကို ဩဂုတ်လ ၁၂ရက်နေ့မှ ၁၅ရက်နေ့အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက Smart Business Group ဖုန်း - ၀၁ ၅၂၇၅၈၃၊ ၀၉ ၅၀၉၉၀၇၉၊ ၀၉ ၅၀၁၄၇၀၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း ၂၀၁၀ခုနှစ် ဩဂုတ်လ ၂ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

<u>အနိုင်းမဲ့ဆင်းရဲ</u>

လောကမှာ ရှိရှိသမျှ ဆင်းရဲအားလုံးထဲမှာ ခန္ဓာဆင်းရဲ၊ သို့မဟုတ် ခန္ဓာဝန်ထမ်းရခြင်းဆင်းရဲဟာ အနိုင်းမဲ့ဆင်းရဲဖြစ်ပါတယ်။ဘာလို့လဲဆိုတော့ ခန္ဓာဝန်ထမ်းရခြင်းဆင်းရဲထက်ပိုပြီး သတ္တဝါတွေကို နှိပ်စက်တတ်ပါတယ်၊ တူးဖြိုဖျက်ဆီးတတ်ပါတယ်လို့ နှိုင်းယှဉ်စရာ၊ အစားထိုးစရာ၊ ထပ်တူပြုစရာ တခြားဆင်းရဲ မရှိတော့လို့ပါပဲ။

ခန္ဓာဝန်ထမ်းရခြင်းဆင်းရဲရဲ့ လဲလှယ်သင့်၊ လဲလှယ်ထိုက်တဲ့တခြားဆင်းရဲ လောကမှာ မရှိတော့တဲ့အတွက် ခန္ဓာဝန်ထမ်းရခြင်းဆင်းရဲဟာ အနိုင်းမဲ့ဆင်းရဲဖြစ်ရပါတယ်။

ကာယကံရှင်ရဲ့ ကိုယ်စိတ်နှစ်ပါးကို နှိပ်စက်တတ်တဲ့သဘော၊ ကာယကံရှင်ရဲ့ ဘဝကို တူးဖြိုဖျက်ဆီးတတ်တဲ့သဘောကို ဆင်းရဲ(ဒုက္ခ)လို့ ခေါ်ပါတယ်။ တစ်နည်းအားဖြင့် စက်ဆုပ်ရွံမုန်းစရာကောင်းတဲ့ သဘော၊ အားကိုးအားထားစရာမကောင်းတဲ့သဘောကို ဆင်းရဲ(ဒုက္ခ)လို့ခေါ်ပါတယ်။ အလွယ်ဆုံးပြောရရင်တော့ ဆင်းရဲဆိုတာ မကောင်းတဲ့သဘောပါပဲ။

သတ္တဝါတွေရဲ့ ကိုယ်စိတ်နှစ်ပါးနဲ့ဘဝကို နှိပ်စက်ဖျက်ဆီးတတ်တဲ့ စက်ဆုပ်ရွံမုန်းစရာ ဆင်းရဲဒုက္ခတွေအားလုံးထဲမှာ ခန္ဓာဝန်ထမ်းရခြင်းဆင်းရဲဟာ အဆိုးဝါးဆုံးဆင်းရဲ၊ ကြောက်မက်ဖွယ်အကောင်းဆုံးဆင်းရဲဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ခန္ဓာဝန်ထမ်းရခြင်းဆင်းရဲဟာ ခန္ဓာရှိနေသမျှ အချိန်တိုင်း ရှိနေလို့၊ အချိန်ပြည့်ရှိနေလို့ပါပဲ။

လောကမှ ဆန်အိတ်စတဲ့ လေးလေးပင်ပင်ဝန်ထုပ်တွေကို ထမ်းပိုးသယ်ဆောင်ပြီး အသက်မွေးဝမ်းကျောင်းပြုရတဲ့ ဝန်ထုပ်ထမ်းသမားတွေ၊ ကူလီထမ်းသမားတွေ ရှိကြပါတယ်။ သူတို့ထမ်းရတဲ့ ဝန်ထုပ်တွေဟာ လေးလံလွန်းလို့ အားကောင်းမောင်းသန် ယောကျာ်းကြီးတွေပဲ ထမ်းနိုင်ကြပါတယ်။

ဒါပေမဲ့ ဘယ်လောက် လေးလံတဲ့ ဝန်ထုပ်ကိုပဲဖြစ်ဖြစ် တစ်မိနစ်၊ နှစ်မိနစ်စသည် မိနစ်ပိုင်းလောက်ပဲထမ်းကြရပါတယ်။ တစ်နာရီ၊ နှစ်နာရီစသည်၊ တစ်နေ့လုံး၊ နှစ်နေ့လုံးစသည် အချိန်အကြာကြီး ထမ်းမထားကြရပါဘူး၊ အမြဲတမ်း ထမ်းမထားကြရပါဘူး။ တကယ်လို့ အမြဲတမ်း ထမ်းထားရမယ်ဆိုရင်လည်း သေဖို့ပဲရှိပါတယ်။

မိနစ်ပိုင်းလောက် ဝန်ထုပ်ကြီး ထမ်းထားရတာတောင် အင်မတန် ပင်ပန်းဆင်းရဲရပါတယ်။ ချရမယ့်နေရာရောက်လို့ ဝန်ထုပ်ကြီးပစ်ချလိုက်ရတဲ့အခါကျမှပဲ ခန္ဓာကိုယ်ပေါ့ပါ့ပြီး နေသာထိုင်သာရှိသွားပါတယ်။ စိတ်သက်သာရာ စိတ်ချမ်းသာရာ ရသွားပါတယ်။

ခန္ဓာဝန်ထုပ်ကျတော့ ကူလီထမ်းသမားတွေ ထမ်းရတဲ့ ဝန်ထုပ်မျိုးနဲ့မတူပါဘူး။ အချိန်အကန့်အသတ်နဲ့ထမ်းရတဲ့ ဝန်ထုပ်မဟုတ်ဘဲ အချိန်ပြည့်ထမ်းရတဲ့ ဝန်ထုပ်ဖြစ်နေပါတယ်။ ခန္ဓာဝန်ထမ်းသမားတစ်ယောက်အနေနဲ့ ခန္ဓာဝန်ထုပ်ပစ်ချထားရမယ့်အချိန်၊ အနားယူရမယ့်အချိန်ဆိုလို့ ခေတ္တခဏလေးတောင် မရှိပါဘူး။ အားချိန်မရ၊ နားချိန်မရှိ အချိန်ရှိသမျှ စက္ကန့်တိုင်း ခန္ဓာဝန်ထုပ်ကို ထမ်းပိုးရွက်ဆောင်နေရပါတယ်။

ကိုယ်ရထားတဲ့ ခန္ဓာလေး ကျန်းမာအောင်၊ ချမ်းသာအောင်၊ ပျက်စီးသေဆုံးမသွားဘဲ တည်မြဲရှင်သန်နေအောင် နည်းအမျိုးမျိုးနဲ့ ပြုစုမွေးမြူပြီး ခန္ဓာဝန်ထမ်းနေရပါတယ်။ တချို့ဆို ကိုယ့်ခန္ဓာဝန်တစ်ခုတည်း ထမ်းရတာနဲ့ အားမရလို့ သူများခန္ဓာဝန်တွေပါ အငှားအဆစ်ပိုထမ်းနေကြပါသေးတယ်။

မိနစ်ပိုင်း၊ နာရီပိုင်းလောက်လည်းမဟုတ်ဘူး၊ လပိုင်း၊ နှစ်ပိုင်းလောက်လဲမဟုတ်ဘူး၊ အသက်နဲ့ခန္ဓာ အိုးစားမကွဲဘဲ တည်မြဲနေသမျှ ဘဝတစ်သက်တာလုံး မသေမချင်း ထမ်းနေကြရပါတယ်။

ဒီဘဝကျမှ ထမ်းရတာလားဆိုတော့ မဟုတ်ပါဘူး။ မရေမတွက်နိုင်တဲ့ ကမ္ဘာပေါင်း အသင်္ချေအနန္တ အစမထင် သံသရာကစပြီးတော့ ထမ်းလာခဲ့ကြရတာပါ။ ဒီဘဝသေရင် ထမ်းခြင်းကိစ္စ ပြီးပြီလားဆိုတော့ မပြီးသေးပါဘူး။ ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်မစံမချင်း ဘဝတိုင်း ထမ်းနေကြရဦးမှာပါ။

ရဟန္တာဖြစ်တာတောင် ခန္ဓာဝန်ထမ်းဆောင်ရတဲ့ ဆင်းရဲက မလွတ်မြောက်သေးပါဘူး။ နိဗ္ဗူစံကြွ ခန္ဓာဝန်ချတော့မှပဲ လွတ်မြောက်ပါတယ်။ ခန္ဓာအသစ် ထပ်မဖြစ်တော့တဲ့ သေခြင်းမျိုးနဲ့ မသေမချင်း အမြဲတမ်း အချိန်ပြည့် တွေ့ကြုံခံစားရမယ့် ဆင်းရဲဖြစ်လို့ ခန္ဓာဝန်ထမ်းရခြင်းဆင်းရဲဟာ အနိုင်းမဲ့ဆင်းရဲ ဖြစ်ရပါတယ်။

ကိုယ့်ခန္ဓာ ပဋိသန္ဓေနေနေစဉ်တုန်းကတော့ ကိုယ့်ရဲ့ ခန္ဓာဝန်ကို ကိုယ့်မိဘ အဓိကအားဖြင့် ကိုယ့်မိခင်က ထမ်းဆောင်ပေးခဲ့ပါတယ်။ အသွားအလာ၊ အနေအထိုင် ဆင်ခြင်တာကအစ၊ အစားအသောက်ဆင်ခြင်တာအလယ်၊ ခန္ဓာကောင်းကောင်းလေးဖြစ်လာဖို့ ကုသိုလ်ကောင်းမှုပြုပေးတာအဆုံး၊ ကိုယ့်ရဲ့ခန္ဓာဝန်ကို ကိုယ့်ရဲ့ကိုယ်စား မိခင်ဖခင်ကျေးဇူးရှင်တို့က ထမ်းဆောင် ပေးခဲ့ကြပါတယ်။

မွေးဖွားပြီးလို့ ကိုယ့်ခန္ဓာဝန်ကို ကိုယ်မထမ်းဆောင်နိုင်သေးတဲ့အရွယ်မှာလည်း အမိအဖ၊ အစ်ကိုအစ်မစတဲ့ လူကြီးတွေက မေတ္တာစေတနာအပြည့်နဲ့ ကိုယ့်ရဲ့ခန္ဓာဝန်ကို စိတ်ရှည်လက်ရှည် ထမ်းဆောင်ပေးခဲ့ကြပါတယ်။ နို့ချိုတိုက်ကျွေးတာကအစ အညစ်အကြေး သုတ်သင်ပေးတာအဆုံးပေါ့။

အချိန်တန်အရွယ်ရလို့ လူမှန်းသိတတ်လာခဲ့အခါမှာတော့ ကိုယ့်ရဲ့ခန္ဓာဝန်ကို ကိုယ်တတ်နိုင်သလောက်ကနေစပြီး ကိုယ်ကိုယ်တိုင်ပဲ ထမ်းဆောင်ရပါတော့တယ်။ နေ့စဉ်နဲ့အမျှပါပဲ။ မနက်အိပ်ရာထတဲ့အချိန်ကစပြီးတော့ မျက်နှာသစ်ပေးရ၊ သွားတိုက်ပေးရ၊ ရေချိုးပေးရ၊ စားစရာသောက်စရာတွေ ပြုလုပ်ပေးရ၊ စားသောက်ပေးရ၊ ဝတ်စရာဆင်စရာတွေ စီမံပေးရ၊ ဝတ်ဆင်ပေးရ၊ နေစရာထိုင်စရာတွေ ဖန်တီးပေးရ၊ နေထိုင်ပေးရ၊ ကျင်ကြီးကျင်ငယ်စွန့်ထုတ်ပေးရ၊ သန့်ရှင်းပေးရ၊ လက်သည်းခြေသည်းရှည်လာပြန်တော့ ညှပ်ပေးရ၊ ဆံပင်ရှည်လာပြန်တော့ ဖြတ်ပေးရ၊ ရိတ်ပေးရ၊ ခေါင်းလျှော်ပေးရ။

တစ်နေ့တစ်နေ့ ထမ်းဆောင်လိုက်ရတဲ့ ခန္ဓာဝန်၊ တစ်နေ့တစ်နေ့ ခံလိုက်ရတဲ့ ခန္ဓာဆင်းရဲ၊ နည်းမှမနည်းပါပဲလား။ တော်ကြာ ဟိုဟာလုပ်ပေးပါဦး ဟိုဟာ ထလုပ်ပေးရ၊ တော်ကြာ ဒီဟာလုပ်ပေးပါဦးဆို ဒီဟာ ထလုပ်ပေးရ၊ နားမှ မနားရပါပဲလား။

ကိုယ်ဝါသနာပါတဲ့အလုပ်၊ ကိုယ့်ဘဝရဲ့ မလုပ်မဖြစ် အရေးကြီးတဲ့ အလုပ်တွေကို လုပ်လို့ကောင်းနေတုန်းရှိသေး၊ ခန္ဓာက စားချင်တယ်ဆိုတော့ စားပေးရပြန်ပြီ၊ ခန္ဓာက စွန့်ချင်တယ်ဆိုတော့ စွန့်ပေးရပြန်ပြီ၊ ခန္ဓာက ပူတယ်ဆိုတော့ အေးအောင် လုပ်ပေးရပြန်ပြီ၊ ခန္ဓာက အေးတယ်ဆိုတော့နွေးအောင် လုပ်ပေးရပြန်ပြီ၊ ကိုယ့်အလုပ်ကိုတောင် ကောင်းကောင်းဖြောင့်ဖြောင့် မလုပ်ရဘူး။ တော်တော်အလုပ်ရှုပ်တဲ့ ခန္ဓာ၊ တော်တော်ပြဿနာရှာတဲ့ ခန္ဓာ။

ထိုင်တာကြာတော့ ညောင်းလို့ ရပ်ပေးရ၊ ရပ်တာကြာတော့ ညောင်းလို့သွားပေးရ၊ သွားတာကြာတော့ ညောင်းလို့ လျောင်းပေးရ၊ လျောင်တာကြာတော့ ညောင်းလို့ ထိုင်ပေးရ၊ ဣရိယာပုတ်လေးပါး တစ်ပါးညောင်းတိုင်း တစ်ပါးပြောင်းပြီး ပြုပြင်ပေးနေရတာကလည်း ဆင်းရဲဒုက္ခတစ်မျိုး၊ ဣရိယာပုတ်တစ်ပါးအတွင်းမှာကိုပဲ သက်သက်သာသာရှိအောင်ဆိုပြီး ကွေးလိုက်၊ ဆန့်လိုက်၊ စောင်းလိုက်၊ လှုပ်လိုက်လုပ်ရတာတွေ အများကြီးပါသေးတယ်။

သွားတဲ့လာတဲ့အခါ မလုတ်မထိ၊ ဆူးမငြိအောင် ဂရုစိုက်ရ၊ လုပ်တဲ့ကိုင်တဲ့အခါ မထိမိမခိုက်မိအောင် ကြောင့်ကြရ၊ ဘေးရန် အန္တရာယ်မတွေ့အောင်၊ အနာရောဂါမဖြစ်အောင် သတိထားရ၊ ဒီလောက်သတိထားနေတဲ့ကြားထဲက ဘေးရန်အန္တရာယ်တစ်ခုခုတွေ့လာပြီ၊ အနာရောဂါတစ်ခုခုရလာပြီဆိုရင် လွတ်မြောက်အောင် ကြိုးစားရ၊ ပျောက်ကင်းအောင် ကုသရနဲ့၊ ဘဝတစ်သက်တာမှာ အချိန်နဲ့အမျှ ထမ်းဆောင်နေရတဲ့ ခန္ဓာတွေဟာ ပြောပြလို့ မကုန်နိုင်အောင်ကို များပြားလွန်းလှပါတယ်။

# ဟာသ

သန်းကြွယ်သူဌေး
ဒေါ်လာတစ်သန်းရခဲ့ရင် ဘာလုပ်မလဲ ဆိုတဲ့အကြောင်းကို ဆရာက အတန်းထဲမှာ ရေးခိုင်းတယ်။ အော်ဒရီလေးကလွဲပြီး ကျန်တဲ့တပည့်အားလုံးက ချက်ချင်းပဲ ကောက်ကာငင်ကာ ရေးကြတယ်။ အော်ဒရီလေးကတော့ အေးဆေးထိုင်နေတယ်။ လက်မချင်းလှည့်ကာ လှည့်ကာဆော့နေတယ်။ ပြတင်းပေါက်ကနေ အပြင်ကိုငေးကြည့်နေတယ်။ ဆရာက အဖြေလွှာတွေပြန်သိမ်းတော့ အော်ဒရီလေးက စာရွက်လွတ်ပဲ အပ်လိုက်တယ်။ "ဘယ်လိုဖြစ်တာလဲ အော်ဒရီ၊ ကျန်တဲ့လူတွေက နှစ်မျက်နှာသုံးမျက်နှာရေးကြတဲ့ အချိန်မှာ မင်းကစာတစ်လုံးမှ မရေးပါလား" လို့ ဆရာက်မေးတယ်။ အော်ဒရီက "ဟုတ်ကဲ့ပါဆရာ ဒေါ်လာတစ်သန်းရှိမှတော့ ဘာလုပ်ရဦးမှာလဲ" လို့ ပြန်ပြောပါတယ်။

## ပေါက်သွားပြီ

ဆံပင်ညှပ်ခံသူ။ ။ (မုတ်ဆိတ်ရိတ်တာလည်ပင်းမှာနှစ်ခါရှခံရပြီးနောက်) ဆံသဆရာ၊ ကျွန်တော်ရေတစ်လောက်သောက်ချင်တယ်။
ဆံသဆရာ။ ။ ဘာဖြစ်လို့လဲခင်ဗျာ၊ ပါးစပ်ထဲကို ဆံပင်စဝင်လို့လား။
ဆံပင်ညှပ်သူ။ ။ မဟုတ်ပါဘူးကွာ၊ ငါ့လည်ပင်းက ရေတွေများယိုစီးကျလာမှာလား သိချင်လို့။

## သေချာပါတယ်

ဆရာ။ ။ ၃၄၆နဲ့၃၀၉၆ကိုပေါင်းပါ။ ပြီးရင်ရတဲ့အဖြေကို လေးနဲ့စားနောက် ခြောက်နဲ့မြှောက်ရင် မင်းဘာရသလဲ။
တပည့်။ ။ အဖြေမှားတစ်ခု။

## ကြွက်အတွက် ကြောင်

ယမ်းပုံမီးကျ ဒေါသထွက်နေသူ။ ။ မင်းရောင်းလိုက်တဲ့ကြောင်က တစ်စက်မှ အသုံးမကျဘူး။
တိရစ္ဆာန်ဆိုင်ရှင်။ ။ ဘာဖြစ်လို့လဲ၊ ကျွန်တော့ဆိုင်မှာတုန်းက အားလုံးအဆင်ပြေနေတာပဲ။
ကိုဒေါသ။ ။ မင်းရောင်းတုန်းက ဒီကြောင်ဟာ ကြွက်တွေအတွက် သိပ်ကောင်းမယ့်ကြောင်ဆိုကွ။ ခုဖြင့် ကြောင်က ကြွက်မြင်ရင်ပြေးပြီးပုန်းနေတာ။
ဆိုင်ရှင်။ ။ ဟာကြွက်တွေအတွက် ဒါထက်ကောင်းတဲ့ကြောင်းရှိဦးမှာလားခင်ဗျာ။

## ထူးထူးခြားခြား

ဆယ်ကျော်သက်ရွယ် သမီးငယ်က နာရီဝက်လောက်ဖုန်းပြောပြီးတော့ ဖုန်းချလိုက်တယ်။ သူ့အဖေက "သမီးဖုန်းပြောရင် အနည်းဆုံး နှစ်နာရီလောက်ကြာတတ်ပါတယ်၊ ဒီတစ်ခါ ဘာဖြစ်တာလဲ"မေးပါတယ်။
သမီးက "ဖုန်းမှားတာပါ"တဲ့။

## နာလွန်းလို့

သွားဆရာဝန်က လူနာဆီလျှောက်သွားပြီး ပါးစပ်ကျယ်ကျယ်ဟဖို့ ပြောချိန်မှာ လူနာက စူးစူးဝါးဝါး မတရားအော်ပါတယ်။
"ဘယ်လိုဖြစ်တာလဲ၊ အခုမှ ခင်ဗျားကို ထိုင်ခုံပေါ်ထိုင်ခိုင်းခါစပဲရှိသေးတယ်"
"ဟုတ်ပါတယ်ဆရာ၊ ဒါပေမဲ့ ဆရာကကျွန်တော့ခြေထောက်ကို နင်းထားတယ်လေ"

# ဗေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

Aug 6th မှ Aug 12th ကြား

အတိုက်အခံများနှင့် ထိပ်တိုက်တွေ့မည်။ စိတ်ရှုပ်ထွေးစရာများရှိမည်။ အခက်အခဲများကြုံပြီးမှ အလိုပြည့်မည်။ ရန်များနေမည်။ မနာလိုအနှောင့်အယှက်ပေးသူများရှိမည်။ စာရွက်စာတန်းကိစ္စ၊ ငွေကြေးကိစ္စမှန်သမျှ သတိနှင့်ယှဉ်ပြီးလုပ်ပါ။ တပါးသူလုပ်နေဆဲကိစ္စများ တာဝန်လွှဲပြောင်းပြုရာတွင် ပြဿနာပါလာတတ်သည်။ အမှုအခင်းအထိ ဖြစ်နိုင်သည်။ ပစ္စည်းရောင်းမှားဝယ်မှားဖြစ်တတ်သည်။ ဈေးသက်သာသည်ဟု မှတ်ထင်ပြီး ပစ္စည်းဝယ်ယူလိမ့်မည်။ ဝယ်ယူပြီးမှ ပစ္စည်းတန်ဖိုးကျ၍ စိတ်မချမ်းမသာဖြစ်ရတတ်သည်။ လက်ဝယ်ပိုင်ဆိုင်ထားသောငွေကြေးပစ္စည်းများ လိမ်ညာခိုးဝှက်သူများနှင့် တွေ့ရတတ်သည်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

Aug 6th မှ Aug 12th ကြား

အတန်တန်ငြင်းဆန်နေသည့်ကြားမှ အတင်းအကြပ်တိုက်တွန်းမှုကြောင့် ဆန္ဒမပါဘဲ ဆောင်ရွက်ရသည့်ကိစ္စများမှ ကောင်းသောအကျိုးရလာမည်။ လုပ်ငန်းကြီးတာဝန်ကြီးများ လုပ်ကိုင်ရန် အနေအထားရှိမည်။ ထူးခြားသော ငွေဝင်လမ်းပေါ်မည်။ အနှောင့်အယှက်များအတိုက်အခံများကြားမှ တက်လမ်းရှာရမည်။ အခွင့်အလမ်း(၂)မျိုး တပြိုင်တည်းပေါ်မည်။ အသိုင်းအဝိုင်း မိသားစုနှင့် ပဋိပက္ခဖြစ်နိုင်သည့်သူများနှင့် ဆက်ဆံရမည်။ ပျိုရွယ်သူများအဖို့လည်း ဆက်စပ်၍ မဖြစ်နိုင်သော သူများနှင့် မေတ္တာရေးကိစ္စ ပေါ်ပေါက်မည်။ လေ့လာမှု၊ ကျွမ်းကျင်မှုအပြည့်အဝမရှိသော လုပ်ငန်းများကို စမ်းတဝါးဝါးလုပ်ကိုင်ရင်း တိုးတက်မှုများရရှိမည်။

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

Aug 6th မှ Aug 12th ကြား

အရွှေးရခက်အောင် အခွင့်အရေး(၂)ခုပေါ်မည်။ တစ်ခုထက်မကသော အလုပ်ကိစ္စများကို တပြိုင်တည်းလုပ်၍ အထူးတိုးတက်မည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများတွင် ကိုယ်ပြောသမျှ၊ ဆောင်ရွက်သမျှ အောင်မြင်မည်။ လွန်ခဲ့သော(၂)ပတ်တာကာလအတွင်း လက်လွှန်ဆုံးရှုံးထားသောငွေ၊ ပစ္စည်းများ လက်ဝယ်ပြန်လည်ရရှိမည်။ စာရွက်စာတမ်း၊ ငွေကြေးလက်လွှဲ၊ လက်ပြောင်းကိစ္စများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပတ်သက်ပါဝင်ရမည်။ ထူးခြားသောအကျိုးဆက်များရမည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်။ ရန်အားလုံးကို ကျော်လွှား၍ တက်လမ်းကြုံမည်။ ဝေးကွာနေသောသူများနှင့် ပြန်လည်ဆုံစည်းမိမည်။ ပြတ်တောက်နေသော အဆက်အသွယ်များနှင့် ပြန်လည်ဆက်ဆံရမည်။ ရေနှင့်နီးသောနေရာမှလူများနှင့် လုပ်ငန်းတွဲဖက်လုပ်ကိုင်၍ အကျိုးရှိမည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

July 30th မှ Aug 5th ကြား

ရန်များမည်။ အပြိုင်အဆိုင်များမည်။ အနီးကပ်လူဒုက္ခပေးမည်။ ရောင်းမှားဝယ်မှားဖြစ်မည်။ ဆုံးဖြတ်ချက်မှားယွင်းမည်။ စာရွက်စာတမ်းကိစ္စ၊ ငွေရေးကြေးရေးကိစ္စများတွင် လက်မှတ်ရေးထိုးမှုမှားယွင်းခြင်း၊ လက်ပြောင်းလက်လွှဲတွင် ပြဿနာဖြစ်ခြင်းများကြုံမည်။ ပေါင်းသင်းဆက်ဆံလုပ်ငန်းလုပ်ရန် မလျော်ညီသောသူများနှင့် ဆက်စပ်ပြီးလုပ်ရာမှ မကုန်သင့်သည်များကုန်မည်။ မဖြစ်သင့်သည်များဖြစ်မည်။ ပစ္စည်းလောင်ကရှုံးမည်။ အလုပ်ရက ရသောအလုပ်မမြဲ။ ခရီးသွားက သွားသောခရီးမအောင်မြင်။ အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်ဆောင်ရွက်ခြင်းဖြင့် အောင်မြင်ခြင်းရမည်။ အလိုလောဘနည်းလေ တိုးတက်လေဖြစ်မည်။ အလျော့ပေးအရှုံးပေးလေ အောင်မြင်မည်။ ကျန်းမာရေးဂရုစိုက်ပါ။ အစာအိမ်၊ အဆုတ်၊ သွား၊ သွားဖုံးဒုက္ခပေးတတ်သည်။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

Aug 6th မှ Aug 12th ကြား

တစ်ပါးသူက တားဆီးနေသည့်ကြားမှ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်နှင့် ရှေ့တိုးလုပ်ကိုင်ခြင်းမှ ထင်ရှားသောတိုးတက်ခြင်းများရမည်။ အတတ်ပညာနှင့် ပတ်သက်သော ကံအထူးကောင်းသည်။ လုပ်ငန်းခွင်မသူများအဖို့ ပညာသင်တန်းနှင့် ပတ်သက်သောကိစ္စကြုံမည်။ ထူးထူးခြားခြားလုပ်ငန်းရပ်များ ဆောင်ရွက်ရမည်။ အခါတိုင်းနှင့် မတူသောအားလပ်ရက်များ ထူးခြားစွာရရှိပြီး ခရီးကိစ္စကြုံလိမ့်မည်။ ပြဿနာဟောင်းများ၊ အခက်အခဲဟောင်းများကို ဖြေရှင်းနိုင်လိမ့်မည်။ ဖွဲ့ကြိုးမှု၊ မဖြစ်မနေဆောင်ရွက်မှု၊ အခိုင်အမာရပ်တည် လုပ်ကိုင်ခြင်းတို့ကြောင့် တိုးတက်မှုအဆင့်ဆင့် ဖြစ်ထွန်းလာမည်။ အရာရာကိုယ်တိုင်ကိုယ်ကျလုပ်မှ အဆင်ပြေမည်။ အလိုအလျောက်သီးသီးသန့်သန့် အထီးကျန်ဆန်သော အနေအထားသို့ ဦးတည်သည်။ ငွေစုဆောင်းရန် စိတ်ဝယ်အကြံပေါ်သည့်နေ့တွင်ပင် အစုလိုက်အပုံလိုက်နှင့် နဂိုစုဆောင်းထားသည့်ငွေပါ ထုတ်သုံးရခြင်းကြုံမည်။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

Aug 6th မှ Aug 12th ကြား

ဦးတည်ဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက် အနှောင့်အယှက်များရှိမည်။ မူလစီစဉ်ထားသည်ကတစ်မျိုး၊ လက်တွေ့တစ်မျိုးကြုံမည်။ အစီအစဉ်များ၊ ဦးတည်ချက်များ ပြောင်းလဲလုပ်ကိုင်ပြီး တိုးတက်သော အနေအထားရှိမည်။ ပြောင်းလဲလုပ်ကိုင်ပြီး တိုးတက်သော အနေအထားရှိမည်။ ခရီးကိစ္စဆောင်ရွက်မှုအဆင်ပြေမည်။ အပြောင်းအလဲနှင့် ပတ်သက်သောကိစ္စများ အဆင်ပြေမည်။ ကြန့်ကြာနေသောကိစ္စများ ပြီးစီးအဆင်ပြေမည်။ လုပ်နေသောလုပ်ငန်းအချို့ ရပ်တန့်မည်။ အလုပ်သစ်၊ ရည်ရွယ်ချက်သစ်များ ဆောင်ရွက်အဆင်ပြေမည်။ မိတ်ဆွေရင်းတစ်ဦး၏ နာရေးကိစ္စ ကူညီပေးရမည်။ အလောတကြီး ပစ္စည်းဝယ်ယူခြင်းမပြုရ။ ဤရက်အတွင်း အရာရာအပေါ် တစ်ကြိမ်မက စဉ်းစားပြီးမှ ဆုံးဖြတ်ပါ။ ကိုယ်ပိုင်စိတ်ကူးကို ဦးစားပေးပါ။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

Aug 6th မှ Aug 12th ကြား

ဦးတည်လိုက်တိုင်းနေရာတိုင်းတွင် အနှောင့်အယှက်ရှိမည်။ မဖြစ်မနေလုပ်ကိုင်မှုကြောင့် အဆုံးပိုင်းတွင် အောင်မြင်မည်။ ငွေလက်လွှန်ဆုံးရှုံးမှုများ ဖြစ်တတ်သည်။ ပစ္စည်းပျောက်ရတတ်သည်။ ကာလအတန်ကြာဖြစ်လာနိုးနှင့် မျှော်ကိုးနေသည့်ကိစ္စတစ်ခု လုံးဝမဖြစ်နိုင်တော့သည့်အကြောင်းကြားသိရ၍ စိတ်ညစ်စိတ်ရှုပ်နေရဆဲ အပြောင်းအလဲနှင့် ခရီးကိစ္စပေါ်ပေါက်မည်။ အတူတကွ ပူးတွဲနေသူများနှင့် စကားများရတတ်သည်။ မနာလိုအပြိုင်များနှင့် ထပ်တိုက်တွေ့ရတတ်သည်။ ပစ္စည်းအပျောက်အရှုများတတ်သည်။း လမ်လည်လှည့်ဖျားသောသူများနှင့် တွေ့ကြုံတတ်သည်။ ငွေလိမ်ခံရတတ်သည်။ ပစ္စည်းငှားပြီး ပြန်မရ။ အလွန်ကြိုက်နှစ်သက်၍ဈေးကြီးပေး မရမကဝယ်ယူထားသောပစ္စည်းများ ပျက်စီးချို့ယွင်းတတ်သည်။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

Aug 6th မှ Aug 12th ကြား

တည်တည်ငြိမ်ငြိမ်နှင့် အလိုရှိသလောက်တိုးတက်အောင် ဆောင်ရွက်နိုင်သည်။ အခက်အခဲများ၊ ပြဿနာများကို ပယ်ရှားပြီး တိုးတက်ခြင်းအဆင့်ဆင့်ရအောင် ဆောင်ရွက်နိုင်မည်။ ကြိုးစားဆောင်ရွက်ထားသော ကိစ္စများမှ အကျိုးအမြတ်ကောင်းများ ရမည်။ လွန်ခဲ့သောအတိတ်ကာလက ပြဿနာဟောင်းများကိုလည်း ပြန်လည်ဖြေရှင်းနိုင်လိမ့်မည်။ ယခင်က အကြိမ်ကြိမ်အဖန်ဖန် ကြိုးကြိုးစားစားလုပ်၍ မဖြစ်ခဲ့သောကိစ္စများ ဖြစ်မြောက်ခဲ့ခြင်းမရှိ၍ လက်မြှောက်ဘေးဖယ်ထားသောအလုပ်ကိစ္စသည် ဤကာလအတွင်း ထူးထူးခြားခြားကြိုးစားစရာမလိုဘဲ အဆင်ပြေဖြစ်သွားမည်။ အရပ်ဝေးမှ ပို့လိုက်သော အရေးကြီးသည့် စာရွက်စာတမ်းများ လက်ခံရရှိမည်။ မမျှမတတစ်ဖက်သတ် အနိုင်ယူခံထား ရသည့်ကိစ္စများအားလုံး အဆင်ပြေ၍ ချောချောမောမောဖြစ်သွားမည်။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

Aug 6th မှ Aug 12th ကြား

ကောင်းမယောင်နှင့်ဆိုးသည်။ ဆောင်ရွက်သမျှ အစတွင် အရှိန်အဟုန်ကောင်းသလောက် နောက်ပိုင်းတစေအားလျော့သွားတတ်သည်။ လက်ဝယ်ရှိသောငွေ ပြတ်သွားမည်။ လုပ်ငန်းပိုင်းတွင် နှောင့်နှေးခြင်းများရှိမည်။ အရှိန်လျော့သွားမည်။ ဝင်ငွေလမ်းကြောင်းများပိတ်၍ ကစဥ့်ကလျားဖြစ်နေမည်။ အညံ့အဆိုးနှင့်ဆက်လက်ဆိုးသွားမည့်အခြေအနေကို တွေးပူပြီး ရင်မောနေရမည်။ နာမည် အောင်မြင်မည်။ လုပ်သမျှ ဆောင်ရွက်သမျှ တလေးတစား အသိအမှတ်ပြု ခံရမည်။ သို့သော် ငွေကြေး အနေအထားပိုင်းနှင့် လုပ်ငန်းအခြေအနေ အပြည့်အဝ ဖွံ့ဖြိုးခြင်းမရှိသလို ကြုံနေသည်။ အိမ်တွင်းမိသားစုဝင်များ၏ ကျန်းမာရေးကို အထူးသတိပြုသင့်သည်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

Aug 6th မှ Aug 12th ကြား

ဆောင်ရွက်မှုအလုံးစုံအား အပြီးသတ်နိုင်မည်။ ခရီးကိစ္စများအောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ လူမျိုးကွဲ၊ လူမျိုးခြားနှင့် ဆက်စပ်ပြီးကောင်းသော အကျိုးဆက်ရမည်။ အတိုက်အခံအားလုံးကို ကျော်လွှားနိုင်မည်။ မူလအနေအထားထက် ပိုမိုမြင့်မားခြင်း၊ ကျော်ကြားခြင်း၊ ထွန်းကားခြင်းတို့ကို ဖြစ်စေသည့် အခြေခံအခွင့်ကောင်းများ ဖြစ်ပေါ်မည်။ ဤကာလအတွင်း ခက်ခက်ခဲခဲ မနိုင်မနင်း ပင်ပင်ပန်းပန်း ဆောင်ရွက်ထားသည့်ကိစ္စများသည် အနာဂတ်အကျိုးဆက်ကောင်းများကို ဖြစ်ပေါ်စေမည်။ အပြိုင်အဆိုင်များကို ကျော်လွှား၍ အလိုရှိရာ အောင်မြင်မည်။ ထင်းစည်း သို့မဟုတ် သစ်သားရှည်၊ ဝါးလုံးရှည်များကို ထမ်းပိုးသယ်ဆောင်သောသူများကိုတွေ့က အလွန်ကောင်းသော နိမိတ်ဖြစ်သည်။ ထိုသို့ ကြုံပြီး (၁၀) ရက်အတွင်း ကောင်းသောသတင်းစကားကြုံမည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

Aug 6th မှ Aug 12th ကြား

လမ်းသစ်ထွင်၍ လုပ်သောကိစ္စများ အောင်မြင်မည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှားနိုင်မည်။ မူလအနေအထားမှ ပိုမိုမြင့်မားသော အနေအထားသို့ ရောက်ရှိမည်။ ဝေးကွာနေသော မိတ်ဟောင်းများနှင့်လည်းကောင်း၊ မိသားစုများနှင့်သော်လည်းကောင်း ပြန်လည်ဆုံတွေ့မည်။ အိုးအိမ်နေရာထိုင်ခင်းကိစ္စ စကားပြောရမည်။ အိမ်ယာဝယ်ယူခြင်းများ ပြုနိုင်သည်။ ကျန်းမာရေးအထူး သတိရှိရမည်။ အိမ်သို့ မမာမကျန်းသူများ ရောက်ရှိလာမည်။ ညအိပ်ညနေ ဧည့်သည်များ ရောက်ရှိလာပြီး ၎င်းတို့၏ပစ္စည်းပျောက်တတ်သည်။ မိသားစုတွင် စက်ဘီး၊ ဆိုင်ကယ် အခိုးခံရမည်။ လုပ်ငန်းသစ်တစ်ခုမှ ထူးခြားသောတိုးတက်မှုရလာမည်။ ဝါတွင်းကာလတွင် ရှားရှားပါးပါးပြုသော မင်္ဂလာဧည့်ခံပွဲတစ်ခုသို့ သွားရမည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

Aug 6th မှ Aug 12th ကြား

ယှဉ်ပြိုင်မှုများအောင်မြင်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ မိတ်ကောင်း၊ ဆွေကောင်း အထောက်အကူရမည်။ သူတစ်ပါးနှင့်ယှဉ်ပြီးလုပ်သော လုပ်ငန်းများ၊ ကိုယ်ပိုင်အရည်အသွေးများ ထူးထူးခြားခြားထက်မြက်ပေါ်ထွန်းနေမည်။ ကိုယ်ရေးကိုယ်တာကိစ္စ၊ လူမှုရေးကိစ္စများတွင် ဖြစ်ပေါ်နေသော ပြဿနာအားလုံးကို ပြီးပြောက်ပြေလည်အောင် ဖြေရှင်းနိုင်သော အနေအထားရှိသည်။ ငွေရေး၊ ကြေးရေးကိစ္စများတွင်လည်း ဖြေရှင်းအဆင်ပြေမည်။ လက်လွှန်ထားသောငွေကြေး ပြန်ရမည်။ ပြန့်ကျဲနေသော စီးပွားလက်ဝယ် ပြန်လည်ရရှိမည်။ မူလတစ်ကြိမ်တစ်ခါမှ လုပ်ကိုင်ဖူးခြင်းမရှိသေးသော ကိစ္စများကို အခိုင်အမာလုပ်ကိုင်၍ တိုးတက်ခြင်းကြုံမည်။ ဝေးကွာပြတ်တောက်နေသော မိတ်ဟောင်း၊ ဆွေဟောင်းများနှင့် ပြန်လည်ဆက်သွယ်အဆင်ပြေခြင်းရှိမည်။

# အားကစား

## ဘောလုံး အကယ်ဒမီ မေလ တတိယပတ် ဖွင့်မည်

မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မန္တလေးမြို့ရှိ ဘောလုံး အကယ်ဒမီကို မေလ တတိယပတ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အဆိုပါ ဘောလုံးအကယ်ဒမီမှ ကျောင်းအုပ်ကြီး ဦးစိုးညွန့်က ပြောကြားသည်။ ၁၅ ဧက ကျယ်ဝန်းသည့် ဘောလုံးအကယ်ဒမီတွင် သုံးထပ်ဆောင် ပါရှိပြီး ဘောလုံး အသင်း သုံးသင်းစာ နေနိုင်သည့် အဆောင်၊ လူ ၁၂၀ စားသောက် နိုင်သည့် စားဖိုဆောင်၊ မီးဖိုခန်းတို့ ပါရှိသည်။ နည်းပြများအတွက် အဆောင်သီးသန့် ပါရှိပြီး အထူးဧည့်သည်များ အတွက်လည်း သီးသန့်အခန်း ထားရှိသည်။ ထို့ပြင် စာသင်ဆောင်၊ ကာယကြံ့ခိုင်မှု လေ့ကျင့်ဆောင်၊ အစည်းအဝေးခန်းမ စသည်တို့လည်း ပါရှိသည်။ “ဒီအဆောက်အအုံကို ကနဦးက ရောရွှေဝါ ကုမ္ပဏီက တာဝန်ယူခဲ့ပြီး ရေမီး၊ landscaping ပိုင်းတွေကို Max ကုမ္ပဏီက တာဝန်ယူခဲ့ပါတယ်။ ဖွင့်ပွဲရက်ကို မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်က သတ်မှတ်မယ့် ရက်ကိုပဲ ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ၂၁ ရက်နေ့လို့ပဲ ခန့်မှန်းထားရတာပါပဲ” ဟု ပြောကြားသည်။ အဆိုပါ ဘောလုံး အကယ်ဒမီအတွက် ၁၁ နှစ်အောက် အယောက် ၃၀၊ ၁၃ နှစ်အောက် အယောက် ၃၀၊ ၁၅ နှစ်အောက် အယောက် ၃၀၊ ရွေးချယ် ထားပြီးဖြစ်ကာ နိုင်ငံခြား နည်းပြချုပ်တစ်ဦး၊ မြန်မာ နည်းပြသုံးဦးတို့က တာဝန်ယူ သင်ကြားပေးမည့်အပြင် မြန်မာ့ ဘောလုံး လက်ရွေးစင် အဖြစ် မွေးထုတ်ရန် ရည်စူး ဆောင်ရွက်ထားကြောင်း သိရသည်။ အဆိုပါ ဘောလုံးအကယ်ဒမီသည်မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်သိပ္ပံလမ်း တောင်ဘက်၌ တည်ရှိကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၁ ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖီဖာမှ အမျိုးသမီး ဘောလုံးကျွမ်းကျင်သူ လာရောက် အကူအညီပေးမည်

မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)မှ အမျိုးသမီး ဘောလုံးရေးရာ ကျွမ်းကျင်သူ ဂျာမနီနိုင်ငံသူ Mrs. Monika Staab သည် ရန်ကုန်မြို့သို့ မေ ၂၄ ရက်မှ ၃၁ ရက်အထိ လာရောက်ပြီး လိုအပ်သည့် ဆွေးနွေး သင်ကြား ကူညီမှု များ ပြုလုပ်သွားမည် ဖြစ်သည်။ မြန်မာအမျိုးသမီး လက်ရွေးစင် အသင်းများနည်းတူ အမျိုးသမီးအသင်းများကိုလည်း နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများ ပြန်လည်ရရှိစေရန် ရေတိုရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော်နေသော မြန်မာ နိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် FIFA ထံသို့ မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးမှုများ ပေးရန် ဆက်သွယ် တင်ပြ တောင်းခံ ခြင်းကြောင့် ဂျာမနီ အမျိုးသမီး လက်ရွေးစင် ကစားသမားဟောင်းနှင့် နည်းစနစ် ညွှန်မှူးဟောင်းဖြစ်သူ FIFA Women Football Instructor Mrs. Monika Staab အားယခုကဲ့သို့ မြန်မာနိုင်ငံသို့ စေလွှတ်ခြင်း ဖြစ်သည်။ ၂၀၀၇ ခုနှစ်ကလည်း မြန်မာနိုင်ငံသို့ လာရောက်ဖူးသည့် Mrs. Monika Staab သည် ရန်ကုန်မြို့၌ ရောက်ရှိနေစဉ်အတွင်း မြန်မာ့ လက်ရွေးစင် အမျိုးသမီးအသင်း၊ လူငယ် လက်ရွေးစင်အသင်းနှင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တက္ကသိုလ် လက်ရွေးစင်အသင်းများ၏ လေ့ကျင့် ပြင်ဆင်မှုများ၊ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုအခြေအနေများကိုစစ်ဆေး ကြပ်မတ် အကြံပြုမှုများ ပြုလုပ်သွားမည့်အပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်လည်း မြန်မာ့အမျိုးသမီး ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်အလက်များကို ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်မည် ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၀ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## မြန်မာမျိုးဆက်သစ် လူငယ် ဂေါက်သီးသမားများ နိုင်ငံတကာ ပြိုင်ပွဲများသို့ သွားရောက် ယှဉ်ပြိုင်လျက်ရှိ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ် မြှင့်တင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် မြန်မာမျိုးဆက်သစ် လူငယ်ဂေါက်သီး အားကစား သမားများအား နိုင်ငံတကာပြိုင်ပွဲများသို့ စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်စေလျက် ရှိသည်။ မေလ ၁၄ ရက်မှ ၁၆ ရက်အထိမလေးရှားနိုင်ငံ Seremban International Golf Club ၌ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီးချန်ပီယံရှစ်ပြိုင်ပွဲသို့ နေဗလဝင်းမြင့်၊ ရန်မျိုးအေးနှင့် ယဉ်မေမျိုးတို့ပါဝင်သော ဂေါက်သီးအားကစားအဖွဲ့သည်လည်းကောင်း၊ မေ ၂၀ ရက်မှ ၂၃ ရက်အထိမလေးရှားနိုင်ငံ Damai Laut Golf & Country Club တွင်ကျင်းပမည့် 108th Malaysian Amateur Open ဂေါက်သီးချန်ပီယံရှစ် ပြိုင်ပွဲသို့ ဦးစိုးကျော်နိုင်နှင့်ဦးဆန်းထွန်းတို့ဦးဆောင်ကာကစားသမားများအဖြစ် နေဗလဝင်းမြင့်၊ရန်မျိုးအေး၊ စိုးမိုးဝင်း၊ ယဉ်မေမျိုး၊ မောင်မောင်ဦးနှင့် ရဲထက်အောင်တို့ ပါဝင်သော အဖွဲ့သည် လည်းကောင်း၊ မေ ၂၅ ရက်မှ ၂၇ ရက်အထိ မလေးရှားနိုင်ငံ Saujana Golf & Country Club တွင် ကျင်းပမည့် Kurina Saujana Amaterur Open Golf Championships 2010 ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ မေ ၁၄ ရက်မှ ၁၆ ရက်အထိ မလေးရှားနိုင်ငံ Seremban International Golf Club ၌ ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီး ချန်ပီယံရှစ် ပြိုင်ပွဲ၌ မယဉ်မေမျိုးက (၇၄)ချက်၊ (၇၆)ချက်၊ (၇၄)ချက် စုစုပေါင်း (၂၂၄) ချက်ဖြင့် ပထမဆုရရှိခဲ့ကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## ၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဝင်ရန် မြန်မာအသင်း တရုတ်နိုင်ငံသို့ ထွက်ခွာ

၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၁၇ရက်နေ့က လေကြောင်းခရီးဖြင့် ပြိုင်ပွဲကျင်းပမည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြပြီ ဖြစ်သည်။ မေ ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် အဆိုပါ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(က)၌ပါဝင်ပြီး မြောက်ကိုရီးယား၊ဂျပန်၊ ထိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေရာ မေ ၂၀ ရက်တွင် ဂျပန်အသင်း၊ မေ ၂၂ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် မေ ၂၄ ရက်တွင် ထိုင်းအသင်းတို့ နှင့် အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။ အုပ်စု(ခ)တွင် အိမ်ရှင်တရုတ်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် ဗီယက်နမ်တို့ ပါဝင်ပါသည်။ မြန်မာအသင်းမှာ ထိုင်းနှင့် ဗီယက်နမ်တို့ နည်းတူ ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ယင်းခြေစစ်ပွဲတွင် ဂျော်ဒန်ကို သုံးဂိုး - ဂိုးမရှိ၊ တရုတ်(တိုင်ပေ)ကို ငါးဂိုး-နှစ်ဂိုးတို့ဖြင့် နိုင်ကာအုပ်စုပထမဖြင့် ယခုပြိုင်ပွဲသို့ဝင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် နည်းပြချုပ် ဦးအေးကြူကြီး၊ လက်ထောက်နည်းပြ ဦးမျိုးမြင့်ထွေး၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ အသင်းဆရာဝန် ဒေါက်တာခင်စောရီနှင့် ကစားသမားအဖြစ် ဂိုး- မေခင်ယမင်း၊ သင်းသင်းစိုး၊ နောက်တန်း- မြင့်မြင့်အေး၊ စန်းစန်းမော်၊ စန်းစန်းသိန်း၊ နန်းနင်းနင်းထွေး၊ နေဇာလင်းလင်းအောင်၊ မိုးမိုးဝါ၊ အလယ်တန်း- သူဇာထွေး၊ စန်းယုနိုင်၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ အေးအေးမာ၊ သန္တာမိုး၊ ခင်မိုးဝေ၊ ရှေ့တန်း- မိုင်နီလာထွေး၊ မာဂရက်မေရီ၊ ခင်မာလာထွန်း၊ ရီရီဦးနှင့် နော်အေးလိုဝါးဖောစသည့်ကစားသမား(၂၀) ဦး လိုက်ပါ သွားကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

# အနုပညာ

## ရင်ထဲမှာအရမ်းပျော်နေလို့ ခံစားချက်တွေဗလာဖြစ်နေတယ်ဆိုတဲ့ ချမ်းချမ်း

အောင်မြင်မှုဆိုတာ ကိုယ်ဘယ်လောက်ကြိုးစားကြိုးစား အချိန်အခါကို စောင့်ရတယ်။ ဒါပေမဲ့ အောင်မြင်ချိန်ရောက်လာရင် ဘယ်လိုမှ တားဆီးလို့မရနိုင်ဘူး။ ခုချိန်မှာတော့ အောင်မြင်မှုကို ခံစားနေရပြီဖြစ်တဲ့ ချမ်းချမ်းနဲ့တွေ့ဆုံဖြစ်တော့ . . .

မေး - ချမ်းချမ်းအနေနဲ့ ရုပ်သံတွေမှာ ပရိသတ်ကို ဖျော်ဖြေရတာနဲ့ အပြင်ရှိုးတွေမှာဆိုရတာ ခံစားချက်ဘယ်လိုကွာခြားမှုရှိပါသလဲ။

ဖြေ - အပြင်ရှိုးတွေ ဆိုရတာကျတော့ ပရိသတ်နဲ့ တိုက်ရိုက်ထိတွေ့ရတော့ သူတို့နဲ့အပေးအယူမျှအောင်လုပ်နိုင်ရင် ပရိသတ်နဲ့ပိုပြီး အဆင်ပြေတယ်။ ရုပ်သံတွေမှာဆိုရတာကျတော့ နည်းနည်းစိတ်ပင်ပန်းမှုရှိတယ်။ စိတ်ကျဉ်းကျပ်တာပေါ့နော်။ အဝတ်အစားပိုင်းလည်းကွာတာပေါ့နော်။

မေး - ချမ်းချမ်းရဲ့ "တကယ်ဆိုရင် အချစ်ပဲလိုတယ်" တစ်ကိုယ်တော်စီးရီးကို ဘာတွေဆက်လုပ်ဖြစ်နေပါသလဲ။

ဖြေ - တစ်ကိုယ်တော်စီးရီးထွက်ကို ဗီစီဒီထွက်ဖို့ ရိုက်နေတာပြီးတော့မယ်ပေါ့နော်။ ညီမ မွေးနေ့အမီ ကိုးလပိုင်းလောက်ထွက်နိုင်အောင် စီစဉ်နေပါတယ်။ တစ်ကိုယ်တော်စီးရီးရဲ့ ဗီစီဒီမှာ ချမ်းချမ်းကိုယ်တိုင်လည်း သရုပ်ဆောင်ထားပါတယ်။

မေး - ချမ်းချမ်းကိုယ်တိုင် သရုပ်ဆောင်ထားတော့ နောက်ပိုင်းသရုပ်ဆောင်လိုင်းဘက်က ချမ်းချမ်းကိုဆက်သွယ်ရင် လုပ်ဖြစ်မလား။

ဖြေ - ညီမလုပ်ဖြစ်မယ်မထင်ပါဘူး။ ပြီးတော့ ညီမရဲ့ပရိသတ်ကလည်းအဆိုပိုင်းနဲ့ မော်ဒယ်ဆိုတာပဲ ညီမကို လက်ခံထားကြတာလေ၊ နောက်ပြီး ညီမအတွက် သရုပ်ဆောင်ပိုင်းက အရမ်းဟဲဗီးဖြစ်သွားတာလေ။ ဒါကြောင့် အခု အဆိုပိုင်းနဲ့ မော်ဒယ်ပိုင်းတောင် မနည်းလုပ်နေရတာဆိုတော့ သရုပ်ဆောင်ပိုင်းပါဆိုရင် ရှုးသွားနိုင်တယ်။

မေး - ဒုတိယစီးရီလည်း စီစဉ်နေတယ်ကြားတယ်။

ဖြေ - ဟုတ်ပါတယ်။ ဒုတိယစီးရီက ကိုဂျမန်းစီစဉ်တာပေါ့နော်။ တီးတာကတော့ Lazy clubနဲ့ပါ။ ၂၀၁၁ခုနှစ် လေးလပိုင်းလောက် ထွက်မယ်ထင်ပါတယ်။

မေး - သီချင်းတွေရေးတဲ့အခါ ခံစားချက်ရှိရင် ပိုရေးဖြစ်တဲ့ချမ်းချမ်း အခုရော ဘယ်လိုခံစားချက်တွေနဲ့ သီချင်းတွေရေးဖြစ်နေပါသလဲ။

ဖြေ - အခုလောလောဆယ်တော့ ညီမပျော်နေလို့လားမသိဘူး။ အခွေအတွက် သရုပ်ဆောင်ရတာ ငိုတဲ့အခန်းရိုက်ရင်တောင် မျက်ရည်မထွက်လို့ မျက်ရည်အတုသုံးရတယ်။ ဒါကြောင့် သချင်းရေးတာတောင် ရပ်ထားရတယ်။ ရင်ထဲမှာ အရမ်းပျော်ပြီး ဗလာဖြစ်နေလို့လေ။

မေး - ချမ်းချမ်းပြင်သစ်မော်ဒယ် ဝင်ပြိုင်ခဲ့တဲ့အခြေအနေလေး ပြောပြပါဦး။

ဖြေ - အခုညီမ ပေါ်မစ်ရှယ်အလှကုန်နဲ့ ခုနစ်နှစ်စာချုပ် ချုပ်ထားပါတယ်။ Brand Ambassador အနေနဲ့ပေါ့နော်။ ညီမအနေနဲ့ ဒီလမ်းကို ရွေးချယ်လိုက်တာက ပြင်သစ်မှာ သုံးနှစ်စာချုပ်နဲ့သွားနေပြီး ယောင်လည်လည်နဲ့ ပြန်လာရမယ့်အစား ကိုယ့်နိုင်ငံမှာပဲ ဒီပစ္စည်းနဲ့ပတ်သက်ပြီး တစ်ကမ္ဘာလုံးကို ထိုးဖောက်နိုင်တဲ့အခွင့်အရေးကိုပဲ ရွေးချယ်ခဲ့ပါတယ်။ အခုလည်း ပေါ်မစ်ရှယ်အတွက် စင်ကာပူမှာ ကြော်ငြာဖို့ ကြော်ငြာရိုက်ပေးရတယ်။

(၂၀၁၀ခုနှစ် ဩဂုတ်လ ၅ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်)

## ကောလဟာလဒဏ်တွေအပေါ် ခံနိုင်ရည်ရှိပါတယ်ဆိုသူ မိုးယုစံ

အဆိုတော် ပူစူးရဲ့ တစ်မိုးအောက် ဗီစီဒီရိုက်ကွင်းမှာ လုပစ္စာသရုပ်ဆောင်နေတဲ့ မိုးယုစံနဲ့ ဆုံဖြစ်တဲ့အခါ

မေး - မိုးယုဗီစီဒီမှာသရုပ်ဆောင်ဖြစ်တဲ့ ဖီလင်က ဘယ်လိုနေမလဲ။ ဇာတ်ကားတွေ၊ ကြော်ငြာတွေမှာ သရုပ်ဆောင်တာတွေနဲ့ ကွာမလား။

ဖြေ - သိပ်တော့ကွာမသွားပါဘူးအစ်မ။ ဗီစီဒီဆိုလည်း သီချင်းရဲ့ရသပေါ်လွင်အောင် သရုပ်ဆောင်ပေးရတော့ အားစိုက်ရတာပဲလေ။ မိုးယုကတော့ ဘယ်ဘက်မှာမှ မလျှော့ပါဘူး။

မေး - မိုးယုအခုနောက်ပိုင်းမှာ ကြောငြာတွေများလာတယ်နော်။ အဲဒါပရိသတ်တွေက မိုးယုမျက်နှာလေးက sweet ဖြစ်တယ်။ ချစ်စရာကောင်းလို့ ကြော်ငြာတွေမှာ သရုပ်ဆောင်များတာ ထင်တယ်တဲ့။ ဒါသူတို့သုံးသပ်တဲ့အသံလေးပါ။

ဖြေ - ဟုတ်ကဲ့ပါ။ ခုလိုပြောလာတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မိုးယုအထင်ကတော့ အလုပ်လေးတွေ အဆက်မပြတ်လုပ်နိုင်လာတာ ကြိုးစားမှုနောက်မှာ ကံတရားကပ်လိုက်လာတယ်လို့ ထင်ပါတယ်။

မေး - သရုပ်ဆောင်တွေကျတော့ သရုပ်ဆောင်သက်တမ်း နည်းနည်းကြာလာတာနဲ့အမျှ ပရိသတ်အတွက် ဖက်ရှင်ကစလို့ အသစ်အဆန်းလေးတွေ ပေးလာကြတယ်နော်။

ဖြေ - ဟုတ်ပါတယ်အစ်မ။ မိုးယုလည်း အဲဒီအချက်လေးကို သိသလို ရှေ့ကစီနီယာတွေရဲ့ ဖန်တီးမှု၊ ဆန်းသစ်မှုလေးတွေကို လေ့လာပါတယ်။ ကိုယ်ကတော့ ဖက်ရှင်နဲ့ပတ်သက်ရင် အရမ်းကြီး မပြောင်းလဲဖြစ်သေးပါဘူး။ အဲဒါက မိုးယုအားနည်းချက်လို့ပြောရမှာပဲ။ ဘာလို့မပြောင်းလဲဖြစ်လည်းဆိုရင် ခေတ်လွန်တဲ့ပုံစံကို ကိုယ်တိုင်ကလည်းမကြိုက်သလို ပရိသတ် အမြင်ရိုင်းသွားမှာစိုးပြီး မဝတ်ဖြစ်ဘူး။ ကိုယ်နဲ့အဆင်ပြေမယ်ထင်တဲ့ ပုံစံလေးတွေပဲ ဆင်ယင်ရင်း သိပ်မပြောင်းလဲဖြစ်တာပါ။

မေး - ဟုတ်ပါပြီ။ အနုပညာရှင်ဆိုတာ ကောလဟာလဒဏ်ခံရစမြဲပဲတဲ့။ ဒါပေမယ့် မိုးယုက အဲဒီဒဏ်နဲ့ နည်းနည်းစိမ်းသလားလို့။

ဖြေ - ဩော် . . . မိုးယုလည်း အနုပညာရှင်ထဲက အနုပညာရှင်တစ်ယောက်မို့လို့ အဲဒီဒဏ်တွေနဲ့ ကြုံရပါတယ်အစ်မ။ အင်းပေါ့လေ။ အနည်းနဲ့အများသာ ကွာသွားမယ်ထင်ပါတယ်။ ကြုံတာတော့ ကြုံခဲ့ရတာပါပဲ။ ကြုံလာရင်လည်း မိုးယုခံနိုင်ရည်ရှိပါတယ်။ မိသားစုတွေကလည်း အားပေးတယ်။ ကိုယ်တိုင်ကလည်း အနုပညာရှင်တစ်ယောက်အနေနဲ့ ရေရှည်ဖြတ်သန်းမှာမို့လို့ ခံနိုင်ရည်အပြည့်ထားရှိပါတယ်။ (၂၀၁၀ ခုနှစ် ဩဂုတ်လ ၈ရက်နေ့ထုတ် 24/7 News ဂျာနယ်တွင် ဖော်ပြထားပါသည်။